# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 3 March 2024 ၁၁၃၈၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရွှေပိတောက်ငါးဈေးကြီးသို့ တစ်ရက်လျှင် ရေထွက်ကုန်တန်ချိန် လေးသိန်းကျော်ဝင်ရောက်၍ အလုပ်သမားနှစ်ထောင်ကျော် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလျက်ရှိ

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့ရှိ ပြည်သူများ နေ့စဉ်စားသုံးနိုင်ရန် ရန်ကုန်မြို့ လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးမှ ရေချို/ရေငန်ရေထွက်ပစ္စည်း တစ်ရက်လျှင် ကုန်တန်ချိန် လေးသိန်းကျော် ဝင်ရောက်ဖြန့်ချိလျက်ရှိရာ အလုပ်သမားနှစ်ထောင်ကျော်အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းလျက်ရှိသည်။

ရွှေပိတောက်ငါးဈေးသို့ ရန်ကုန်၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ရေချိုငါး/ပုစွန်များ ဝင်ရောက်သည့်နည်းတူ ပင်လယ်ပြင်မှ ရေငန်ထွက်ကုန်များလည်း ဝင်ရောက်လျက်ရှိရာ ဇန်နဝါရီမှ ဧပြီလအထိ မွေးမြူရေးကန်အများစု ကန်ဖော်ချိန်ဖြစ်၍ ငါးဈေးသို့ ရေချိုထွက်ကုန် အများဆုံးဝင်ရောက်သော ကာလဖြစ်ရာ စားသုံးသူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရေထွက်ပစ္စည်းများ လှိုင်လှိုင်ပို့ဆောင်နေသော အချိန်ကာလလည်းဖြစ်သည်။ ရေချိုထွက်ကုန်များဖြစ်သော ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခေါင်းပွ၊ ငါးကြင်း၊ ငါးမုတ်၊ ငါးကျည်း၊ ငါးမွေထိုး၊ ငါးပြေမ၊ ငါးခူ၊ ငါးပနော်အပါအဝင် မွေးမြူရေးနှင့် သဘာဝ


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖




ရွှေပိတောက်ငါးဈေးတွင် ရေထွက်ကုန်များကို တွေ့ရစဉ်။



ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီအတွက် လယ်ယာမြေထွန်ယက်ပြုပြင်နေမှုကို တွေ့ရစဉ်။

## ပွင့်ဖြူမြို့နယ်၌ နွေသီးနှံ ကေခြောက်သောင်းကျော် လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ မတ် ၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးလျက်ရှိရာ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေသီးနှံလျာထားချက်ကေ ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် မိမိတို့၏ လယ်ယာမြေများကို ထွန်ယက်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် တစ်မြို့နယ်လုံး နွေစပါးသီးနှံ ၃၁၂၈၇ ကေ၊ နွေနှမ်း ၃၇၃၄၈ ကေ စုစုပေါင်း နွေသီးနှံစိုက်ကေ ၆၈၆၃၅ ကေ လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ■


**ယနေ့ ဖတ်စရာ**

ဒေါသဆိုသည်မှာ အကုသိုလ်တရားဆိုးဖြစ်သည်နှင့်အညီ ဒေါသ၏အပြစ်များကို မြင်ခဲ့ပြီးပါပြီ။ အမှားနှင့်အမှန် ခွဲခြားတတ်လျှင် အပြစ်ဖြစ်မှာကို ဘယ်တော့မှ လုပ်ဖြစ်မည်မထင်ပါ။ ပို၍ဆိုးမသွားအောင် အဆိုးကိုပယ်ဖို့ ကြိုးစားကြမည်သာ ဖြစ်သည်။ မေတ္တာလက်နက်ဖြင့် မေတ္တာထားခြင်းကို အကောင်းဆုံးသော စိတ်အလေ့အကျင့်တစ်ခုအဖြစ် ကြိုးစားအားထုတ်လျှင် ဖြစ်ပါသည်။ မေတ္တာတရားက မိမိကိုယ်မိမိ နှိမ့်ချမှုကိုပေးပြီး သည်းခံခြင်းဟူသော ခွန်အားကို ပေးစွမ်းပါသည်။


ဆောင်းပါး စာမျက်နှာ » ၆


**ကော်ဖီဥယျာဉ်ဝယ် လည်ကာပတ်ရင်း ကော်ဖီရနံ့နဲ့ အပန်းဖြေမယ်**





ဆောင်းပါး စာမျက်နှာ » ၁၀


**ရုရှားနိုင်ငံက နျူကလီးယားထိပ်ဖူး တင်ဆောင်နိုင်သည့် တိုက်ချင်းပစ် ဒုံးကျည်အမျိုးအစား Yars ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်**




စာမျက်နှာ » ၁၃

ကြေးမုံ

# အသိဉာဏ်ဆင်ခြင်တုံတရားဖြင့်ရှောင်ရှား

သတင်းအချက်အလက်နှင့်နည်းပညာခေတ်သည် လူသားများအတွက် ကောင်းကျိုးအမျိုးမျိုးတို့ကို အချိန်မကုန်၊ ငွေမကုန်၊ လူမပင်ပန်းဘဲ ချက်ချင်းလျင်မြန်စွာ ရရှိနေသောကာလဖြစ်သည်။ ထို့ကြောင့် မိမိတို့သိရှိလိုသည်များ၊ အသိပညာဗဟုသုတများ၊ လေ့လာသင်ယူမှုများ၊ မှတ်သားလိုက်နာစရာများကို လွယ်လင့်တကူ ရရှိနေပြီဖြစ်သည်။ ထိုသို့ ကောင်းကျိုးရလဒ်များနှင့်အတူ အလိမ်အညာလှည့်ဖြားအန္တရာယ်ရှိနိုင်မှုများလည်း အလွယ်တကူရှိနေသည်ကို သတိပြုကြရမည်ဖြစ်သည်။

အွန်လိုင်းပေါ်ရှိ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ နည်းပညာ စသည့်ကဏ္ဍပေါင်းစုံအမျိုးမျိုးတို့နှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများစွာရှိပေသည်။ အလားတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာစသည်တို့နှင့်ပတ်သက်၍လည်း သတိပြုရှောင်ရှားဖွယ်ရာများရှိပေသည်။ ယင်းမှာ နေ့စဉ်နှင့်အမျှ မြင်တွေ့ကြားသိနေရသည့် နိုင်ငံရေးစာမျက်နှာများဖြစ်သည်။ ကျင့်ဝတ်ဖောက်ဖျက်သည့် မီဒီယာများနှင့် ပြည်ဖျက်မီဒီယာများ၏ ပုံကြီးချဲ့ကားသတင်းများ၊ ဘက်လိုက်သတင်းများ၊ မဟုတ်မမှန်လုပ်ကြံသတင်းများကို မြင်တွေ့ကြားသိကြရမည်ဖြစ်သည်။

အခြားအန္တရာယ်များမှာ အွန်လိုင်းပေါ်၌ လိမ်ညာလှည့်ဖြားပြီး ဒုစရိုက်မှုများနှင့် မကောင်းမှုအမျိုးမျိုးတို့ လုပ်ကိုင်နေကြခြင်းဖြစ်သည်။ အထူးသဖြင့် လူကုန်ကူးမှု၊ အွန်လိုင်းငွေလိမ်မှု၊ လောင်းကစားမှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှု စသည့်အမှုမျိုးစုံတို့ဖြစ်သည်။ ယခုအခါ နိုင်ငံတော်အစိုးရနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအရ နယ်စပ်ဒေသများနှင့် ရန်ကုန်မြို့ကဲ့သို့ မြို့ကြီးများတွင် ပြည်ပနိုင်ငံသားများနှင့် နိုင်ငံသားများ လုပ်ကိုင်ကြသည့် အွန်လိုင်းလောင်းကစားမှုများနှင့် ငွေကြေးလိမ်လည်မှုများအား ဖော်ထုတ်အရေးယူကာ လွှဲပြောင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့မြင်ရသည်။

မြန်မာနိုင်ငံတွင် အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း အမှုပေါင်း ၄၈၂ မှုရှိကြောင်းသိရသည်။ နိုင်ငံခြားသားများပါဝင်သည့် ငွေကြေးလိမ်လည်မှုများတွင် ဆိုရှယ်မီဒီယာများမှတစ်ဆင့် သားကောင်ကိုရှာဖွေပြီး ချိတ်ဆက်ရင်းနှီးမှုယူ၍ ကံထူးဆုမဲများ၊ တန်ဖိုးကြီးပစ္စည်းများ ပေးပို့ဟန်ဆောင်ပြီး ဆွဲဆောင်လိမ်လည်ခြင်းဖြစ်သည်။ ယမန်နှစ်က အဆိုပါလိမ်လည်မှုမျိုးတွင်ပါဝင်သည့် နိုင်ဂျီးရီးယားနိုင်ငံသား ၂၃ ဦး၊ ထိုင်းနိုင်ငံသားတစ်ဦးနှင့် မြန်မာနိုင်ငံသား ၅၉ ဦးတို့ကို အရေးယူနိုင်ခဲ့သည်။ အလားတူ လောင်းကစားမှုတွင် ပါဝင်သည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများနှင့်ချိတ်ဆက်ပူးပေါင်းပြီး အရေးယူမှုများ၊ လွှဲပြောင်းပေးအပ်မှုများ ပြုလုပ်နိုင်ခဲ့သည်။

၂၁ ရာစုအစောပိုင်းကာလတွင် ခေတ်မီနည်းပညာများ နေ့စဉ်နှင့်အမျှ တိုးတက်ဖြစ်ပေါ်လျက်ရှိသည်။ ပြည်သူအများစုမှာလည်း နည်းပညာတိုးတက်မှုများနှင့်အတူ စီးမျောလိုက်ပါလျက်ရှိသည်။ လူမှုရေး၊ စီးပွားရေးကဏ္ဍတို့တွင် ဆိုရှယ်မီဒီယာများမှတစ်ဆင့် အွန်လိုင်းအသုံးပြုမှု များပြားလာသည်နှင့်အမျှ အွန်လိုင်းစနစ်၏ သတိပြုဖွယ်ရာများနှင့် လုံခြုံရေးစနစ်တို့ကို သိရှိနားလည်ထားရန် လိုအပ်ပေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများနှင့်ပတ်သက်၍ တားဆီးကာကွယ်ရန်အတွက် သတင်းအချက်အလက်ရယူခြင်းနှင့် စစ်ဆေးဖော်ထုတ်အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အွန်လိုင်းပေါ်မှ ငွေရေးကြေးရေး လိမ်လည်မှုများကို ကာကွယ်တားဆီးနိုင်ရန်နှင့် အွန်လိုင်းလိမ်လည်မှုများနှင့်စပ်လျဉ်းပြီး အများပြည်သူသို့ အသိပညာပေးရေးကိစ္စများ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြရမည့်အစီအစဉ်များ၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို အားလုံးပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ အွန်လိုင်းငွေရေးကြေးရေးနှင့်ပတ်သက်၍ တရားဝင်အသိအမှတ်ပြုလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး ညွှန်ကြားထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရသည်။ တရားဝင်အွန်လိုင်းငွေကြေးလုပ်ငန်းများနှင့်အတူ တရားမဝင်အွန်လိုင်းငွေကြေးလုပ်ငန်းများလည်း အများအပြားရှိလာသဖြင့် ပြည်သူများအနေဖြင့် သတိထား ရှောင်ရှားနိုင်ရန်လိုအပ်သည်။

အဓိကမှာ အွန်လိုင်းပေါ်မှ လိမ်လည်မှုများ၊ ဒုစရိုက်မှုများ ဆက်လက်ထွန်းကားနေခြင်းအကြောင်းသည် အသိအမြင်ဗဟုသုတများ နည်းပါးနေခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်က တရားဝင်ထုတ်ပြန်အသိပေးလျက်ရှိသည့် သတင်းများကို ဖတ်ရှုလေ့လာမှု အားနည်းလျက်ရှိသည်။ သို့ဖြစ်ရာ အွန်လိုင်းအသုံးပြုကြသည့် ပြည်သူများအနေဖြင့် မိမိတို့အတွက် အကျိုးရှိရာအကြောင်းကိစ္စများကို ရယူနိုင်ကြသည့်နည်းတူ အွန်လိုင်းပေါ်မှ အန္တရာယ်ရှိသောအမှုကိစ္စများကိုလည်း အသိပညာဗဟုသုတ၊ ဆင်ခြင်တုံတရားတို့ဖြင့် သတိထား ရှောင်ရှားနိုင်ကြပါစေကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မော်လမြိုင်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်း ကျင်းပ



မော်လမြိုင် မတ် ၂

မွန်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျောင်းသားလူငယ်များ စာဖတ်သည့်အလေ့အထအကျင့်ကောင်းများကို လက်ဆင့်ကမ်းနိုင်ရန်နှင့် စာဖတ်ဝိုင်းမှတစ်ဆင့် ဘဝအထောက်အပံ့ဖြစ်စေမည့် အတွေးအခေါ်ကောင်းများ ရရှိရန်ရည်ရွယ်၍ စာရေးဆရာ မောင်ကျေးဇူးရေးသားသည့် ဘဝနေတတ်မှုအနုပညာ စာအုပ်ကို မတ် ၁ ရက် မွန်းလွဲပိုင်းက မော်လမြိုင်ခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာဖတ်ဝိုင်းကို ဆက်လက်ကျင်းပရာ စာရေးဆရာ မောင်ကျေးဇူးရေးသားသည့် ဘဝနေတတ်မှု အနုပညာစာအုပ်တွင် ပါဝင်သည့် ကိုယ်ထိလက်ရောက်လှုပ်ရှားဆောင်ရွက်မှုအနုပညာ၊ စိတ်နေမြင့်မား စွန့်စားမှုအနုပညာ၊ လူချမ်းသာဖြစ်စေမှုအနုပညာ စသည်တို့ကို ကျောင်းသားတစ်ဦးက ဖတ်ကြားဆွေးနွေးခဲ့သည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## ကော့သောင်းမြို့၌ ဒေသဆိုင်ရာညှော်လမ်းညွှန် အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

ကော့သောင်း မတ် ၂

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ လမ်းညွှန်မှု၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၏ စီစဉ်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သော ဒေသဆိုင်ရာညှော်လမ်းညွှန်



အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ကော့သောင်းမြို့ Victoria Cliff Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က အမှာစကားပြောကြားသည်။ ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ထားဝယ်ရုံး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးလွှမ်းမိုးက သင်တန်းတွင်ပို့ချမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ကော့သောင်းမြို့သည် အဏ္ဏဝါခရီးသွားလာရေးလုပ်ငန်းကို အဓိကလုပ်ဆောင်နေသောဒေသဖြစ်၍ အဆိုပါ ဒေသဆိုင်ရာညှော်လမ်းညွှန်သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်မှုများလာကာ အနာဂတ်တွင် မြန်မာနိုင်ငံ၏အဓိကခရီးစဉ်ဒေသများတွင် ပါဝင်လာနိုင်ရန် ကော့သောင်းခရိုင်၏ ခရီးစဉ်ဒေသများအောင်မြင်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကန်ကြီးထောင့်မြို့၌ ကျင်းပသည့် (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား တက်ရောက်

ပုသိမ် မတ် ၂

(၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်သည်။

အခမ်းအနားသို့တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးအတွင်းရှိ တောင်သူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် တာဝန်ရှိသူများ (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဦးစွာ တောင်သူလယ်သမားနေ့ အခမ်းအနား မှခ်ဦးဆိုင်းဘုတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ပညာအလင်္ကာ တေးဂီတအဖွဲ့၏ တောင်သူလယ်သမားနေ့ ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မိုးစပါး၊ နွေစပါး၊ နေကြာ၊ မြေပဲသီးနှံစိုက် ထူးချွန်တောင်သူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လည်းကောင်း၊ မိုးနှမ်း၊ မတ်ပဲ၊ ပဲတီစိမ်းစိုက် ထူးချွန်တောင်သူများနှင့် နေကြာ ၁၀ ဧက မြို့နယ်ထူးချွန်ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က လည်းကောင်း၊ ပီလောပီနံ၊ ရော်ဘာ၊ စပါးမျိုးစေ့ထုတ် ထူးချွန်တောင်သူများနှင့် အသားတိုးဝက်မွေးမြူထုတ်လုပ်မှု ဆုရရှိသူများအား တိုင်းမှူးက လည်းကောင်း၊ ပျားလိမ္မော်၊ သီဟိုဠ်သီးနှံစိုက် ထူးချွန်တောင်သူများနှင့် ဥစားဘဲမွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရရှိသူများအား ဒုတိယဝန်ကြီးက လည်းကောင်း၊ နေကြာသီးညှပ်၊ ကျွဲကောသီးနှံ၊ ဒေသနွားမွေးမြူထုတ်လုပ်မှု၊ ကော်ဖီ၊ ငှက်ပျော၊ မင်းဂွတ်၊ ဆေးရွက်ကြီး၊ စပါးသီးနှံ (ပေါ်ဆန်းဘေကြား-သဘာဝမြေဩဇာသုံး)၊ ငရုတ်ကောင်း၊ နာနတ်၊ နို့စားနွားမွေးမြူထုတ်လုပ်မှု၊ ကွမ်းသီး၊ ဟင်းသီးဟင်းရွက်၊ ကဏန်းပျော့မွေးမြူထုတ်လုပ်မှုနှင့် အုန်းချိုမွှေးသီးနှံစိုက် ထူးချွန်တောင်သူများအား တာဝန်ရှိသူများက လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တောင်သူများထံ လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် (၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့ ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် တောင်သူများနှင့် နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြပြီး ပညာအလင်္ကာ တေးဂီတအဖွဲ့၏ တောင်သူလယ်သမားနေ့ ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် တာဝန်ရှိသူများ (၆၂)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

ယနေ့ကျင်းပပြုလုပ်သည့် (၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ပြသထားသည့် သီးနှံစုံစိုက်ခင်းများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးကန်များ၊ စက်မှုလယ်ယာဦးစီးဌာနမှ လက်ဆွဲကောက်စိုက်စက်၊ ခြောက်တန်းသွား ကောက်စိုက်စက်နှင့် ဆယ်တန်းသွား မျိုးစေ့ချစက်တို့ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းများ စိုက်ပျိုးပြသထားရှိပြီး (၆၂) နှစ်မြောက် တောင်သူလယ်သမားနေ့ ပြခန်းများတွင် ဌာနဆိုင်ရာပြခန်းများ၊ ခရိုင်အလိုက်ပြခန်းများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပြခန်းများ၊ လယ်ယာသုံးစက်ကိရိယာ ပြခန်းများ၊ သွင်းအားစုလုပ်ငန်းပြခန်းများ၊ မျိုးစေ့ထုတ်ကုန်ပြခန်းများ၊ ငါးထုတ်ကုန်ပြခန်းများ၊ အုန်းအခြေခံထုတ်ကုန်ပြခန်းများ၊ အစာတောင့်ထုတ်ကုန်ပြခန်းများဖြင့် ပြခန်းပေါင်း ၃၉ ခန်း ဖွင့်လှစ်ပြသထားရှိကာ ပြခန်းများနှင့် ဆွေးနွေးပွဲများကို မတ် ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဆုရတောင်သူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေးပွဲ Real Live Show ပြသမှုများကို တက်ရောက်အားပေးကြပြီး စပါးစိုက်ပျိုးထုတ်လုပ်သူတောင်သူ ဦးတင်အောင်သန်းက စပါးစိုက်ပျိုးရေး အတွေ့အကြုံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။ ထို့နောက် မြေပဲစိုက်တောင်သူ၊ နေကြာစိုက်တောင်သူ၊ မွေးမြူရေးတောင်သူ၊ စပါး-ပဲ-နေကြာ/စပါး-ပဲ-နှမ်း သုံးသီးစိုက်ပျိုးသည့် တောင်သူနှင့် နေကြာစံပြစိုက်ခင်း ၁၀ ဧကအကောင်းဆုံးဆု ရရှိသည့် သာပေါင်းမြို့နယ်တို့မှ စိုက်ပျိုးရေးလုပ်ငန်းအတွေ့အကြုံ ရှင်းလင်းဆွေးနွေးမှုများအပေါ် တက်ရောက်လာသည့် ဧည့်သည်တော်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ပုသိမ်ခရိုင် သာပေါင်းမြို့နယ် သဲဖြူကျေးရွာအုပ်စု သန်လျက်စွန်းကျေးရွာရှိလယ်မြေ ၁၀ ဧကပေါ်တွင် စိုက်ပျိုးထားရှိသည့် စံပြဆောင်းနေကြာ (SuperSun-41) စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုအားပေးပြီး နေကြာစိုက်ပျိုးဖြစ်ထွန်း အောင်မြင်မှုများကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်ပါဆောင်ရွက်စေရေး၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စေရေး၊ ရိတ်သိမ်းချိန် လေလွင့်မှုမရှိစေရေး၊ နေကြာပွင့်အရွယ်အစားများ စနစ်တကျမှတ်တမ်းထားရှိ ဆောင်ရွက်စေရေးနှင့် ပိုမိုအောင်မြင်အောင် ဆောင်ရွက်စေရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■ ရှေ့ဖုံးမှ

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နွေသီးနှံစိုက်ပျိုးမှု လျာထားချက်စာရင်းအရ သိရသည်။

"ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ နွေစပါး၊ နွေနှမ်းနဲ့ အခြားနွေသီးနှံစိုက်ဧက ၆၀၀၀၀ ကျော် လျာထားစိုက်ပျိုး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေသခံတောင်သူတွေ နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၆ ရက်မှစပြီး မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ စပါးစိုက်လယ်မြေတွေအတွက် စိုက်ပျိုးရေဖြန့်ဝေပေးထားပြီ ဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးဖို့အတွက် စိုက်ပျိုးရေဖြန့်ဝေပေးနေပြီဖြစ်လို့ ဒေသခံတောင်သူတွေက နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ဖို့နဲ့ သတ်မှတ်လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မိမိတို့ရဲ့ လယ်ယာမြေတွေကို လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွား တိရစ္ဆာန်တွေအပြင် လယ်ယာသုံးစက်ကိရိယာတွေနဲ့ ထယ်ရေးညက်အောင် ထွန်ယက်ပြုပြင်တာတွေ၊ ပေါင်းမြက်နဲ့ အမှိုက်သရိုက်များ ရှင်းလင်းတာတွေ၊ မြေဆီလွှာကောင်းမွန်စေဖို့ မြေဆီမြေဩဇာထည့်သွင်းခြင်းလုပ်ငန်းတွေကို ကြိုးပမ်းလုပ်ကိုင်နေကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

**ပြောကြား**

စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူများ နွေစပါးစိုက်ပျိုးရာတွင် တစ်ဧကပန်းတိုင်အထွက်နှုန်းများရရှိစေရန် စိုက်ပျိုးရေးနည်းပညာများနှင့် စိုက်ပျိုးရေးသွင်းအားစုပစ္စည်းစနစ်တကျသုံးစွဲနည်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးကာ အထွက်နှုန်းကောင်းသော ဆာဖိုးသာစပါးမျိုးစေ့များကိုလည်း ထောက်ပံ့ပေးထားသည်။ နှစ်စဉ် နွေစပါးသီးနှံရာသီတွင် ဆာဖိုးသာ၊ ဧရာမင်း၊ မနော်သုခ၊ ဆင်းသုခ၊ ပခန်းရွှေဝါ၊ သီးထပ်ရင်၊ ချမ်းမြေ့မေ၊ ပေါ်ဆန်းရင် စသည့် စပါးမျိုးများကို အဓိကစိုက်ပျိုးကြပြီး ဆီထွက်သီးနှံ နှမ်းကို စမုံနက်၊ သိပ္ပံနှမ်းနက်နှင့် နှမ်းဖြူမျိုးကို စိုက်ပျိုးကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး**
**(ပွင့်ဖြူမြေ)**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းနှင့် တွေ့ဆုံ ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး

နေပြည်တော် မတ် ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပလျက်ရှိသည့် မျိုးစေ့ပြပွဲ(၂၀၂၄)သို့ လာရောက်လေ့လာကြသည့် မြန်မာနိုင်ငံပျားလုပ်ငန်းအသင်း၊ ပုဂ္ဂလိက ပျားမွေးမြူသူ ၊ ပြည်ပသို့ ပျားရည်တင်ပို့သူများနှင့် တွေ့ဆုံ၍ ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံပျားလုပ်ငန်းအသင်း တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ပျားရောဂါကာကွယ်ကုသမှုကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကဦးဆောင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရေး၊ ပျားအုံများ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသယ်ဆောင်ခြင်းလုပ်ငန်းများနှင့် ပျားရည်တင်ပို့ခြင်းလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများ စီမံပေးနိုင်ရေး၊ ပြည်ပသို့တင်ပို့မည့် ပျားရည်များ ဓာတ်ခွဲစစ်ဆေးခြင်းကို စိုက်ပျိုးရေးဦးစီးဌာန ဓာတ်ခွဲခန်း၏ ထောက်ခံချက်လက်မှတ်ထုတ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေကြာသီးနှံအပါအဝင် ပင်ခြားဝတ်မှုန်ကူးသည့် သီးနှံများ ဝတ်မှုန်ကူးယှက်မှုကောင်းစေရန် ပျားမွေးမြူရေးကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေနှစ်မျိုးရနိုင်သည့်အပြင် သီးနှံအထွက်နှုန်းကောင်းမွန်ရေးအတွက် အထောက်အပံ့ဖြစ်စေသဖြင့် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်လုပ်ကိုင်လာစေရေး ပညာပေးဆောင်ရွက်ရန်၊ ပြည်တွင်း၌ ဆေးဝါးနှင့် အာဟာရဓာတ်စာအဖြစ် တန်ဖိုးထား အသုံးပြုသည့်နည်းတူ ပြည်ပဈေးကွက် ဝယ်လိုအားရှိနေသည့် ပျားရည်ထုတ်လုပ်မှု တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတို့ရှိ မြို့နယ် ၃၁ခု၌ ပျားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးပညာပေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဌာနနှင့်ပုဂ္ဂလိကမွေးမြူသူ ၈၁၈ ဦးမှ ပျားအုံ ၂၀၉၀၂ အုံ မွေးမြူလုပ်ကိုင်လျက်ရှိပြီး လက်ရှိကာလအထိ ပျားရည်မက်ထရစ်တန် ၄၁၀၀ ကျော် ထုတ်လုပ်ပြီး ဂျပန်၊ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဂျာမနီနိုင်ငံများသို့ မက်ထရစ်တန်ချိန် ၂၀၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပျားရည်တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ သုံးသန်းခန့်ရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စားရေရိက္ခာဖူလုံရေးဆွေးနွေးပွဲတက်ရောက်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



မုံရွာ မတ် ၂

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေး ဆွေးနွေးပွဲ အခမ်းအနားကို မတ် ၂ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ဒေသခံတောင်သူများအားဝါ၊ နေကြာသီးနှံမျိုးစေ့များ၊ ဓာတ်မြေသြဇာများနှင့် ပိုးသတ်ဆေးဘူးများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါရုံးဝင်းအတွင်း စိုက်ပျိုးထားရှိသော Home Graden စိုက်ခင်းပျိုးထောင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ရှိ ရပ်ကွက်နေပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်သွားလာနိုင်စေရေး၊ ရပ်ကွက်အတွင်းရှိ လမ်းများ သန့်ရှင်းသပ်ရပ်စေရေး၊ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်များ ပေါက်ပွားနိုင်သည့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် မုံရွာမြို့ မြို့သစ် ရပ်ကွက် အောင်မြေလမ်းဘေးဝဲ/ယာအား တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှု စစ်ဆေးကြပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသူများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■



ရွှေပီတောက်ငါးဈေးတွင် ရေထွက်ကုန်များ ရောင်းဝယ်ဖောက်ကားနေမှုကိုတွေ့ရစဉ်။

❖ **ရွှေပီတောက်မှ**

ရေထွက်ကုန် အမျိုးအစား ၃၀ ကျော်နှင့် ရေငန်ထွက်ကုန်ဖြစ်သော ရွှေငါး၊ ငါးကျီးကန်း၊ မျက်ကျယ်၊ ပြည်ကြီးငါး၊ ကင်းမွန်၊ ပုစွန်အပါအဝင် ရေငန်အမျိုးအစား ၁၀၀ ခန့် ဝင်ရောက်လျက်ရှိရာ အချို့ရေချို/ရေငန်ထွက်ကုန်များအား စက်ရုံများနှင့် အအေးခန်းများသို့လည်း တိုက်ရိုက်တင်ပို့လျက်ရှိသည်။

“ ဖေဖော်ဝါရီလကုန်ဆိုရင် ငါးကန်ဖော်တာများတဲ့အတွက် ရေချိုငါးဝင်ရောက်မှုပိုပြီးများလာမှာပါ။ နွေရာသီမှာရေပူပြီး ငါးထိခိုက်မှုကိုကြိုတင်ကာကွယ်တဲ့အနေနဲ့ ကန်ဖော်ပြီးဈေးကွက်ပို့ကြတာများတယ်။ အဲဒီအချိန်စားသုံးသူတွေ ပိုပြီးအဆင်ပြေကြတယ်။ အရင်လိုပုံစံမျိုးဆိုရင် ကန်တွေကအပြိုင်ပို့ကြ၊ ရန်ကုန်ဈေးကွက်မှာလည်း ရေချိုငါးမျိုးစုံစားနိုင်ပြီး နယ်တွေကိုလည်း လှိုင်လှိုင်ပို့တဲ့အတွက် ငါးဈေးကွက်ကြီးက စည်စည်ကားကားနဲ့ ငွေကြေးလည်ပတ်နေတယ်။ ဒီနှစ်က အရင်နှစ်တွေထက်ပိုပြီးခက်ခဲတယ်။ နယ်တွေကို ၃၀ ရာခိုင်နှုန်းပဲပို့နိုင်တယ်။ ဒီနေ့ဆိုရင် ပုစွန်ထုပ်နယ်ပို့ကုန်တွေပြန်ဝင်လာလို့ ရန်ကုန်ဈေးကွက်ထဲ ပြန်ဖြန့်တဲ့အခါ ငွေကျပ် ၃၂၀၀၀ ဈေးဟာ ငွေကျပ် ၂၈၀၀၀ ဈေးပဲရတယ်။ ငါးဈေးလည်းကျပါတယ်။ ဒါပေမဲ့ ရေချို/ ရေငန်ပစ္စည်းအဝင်အထွက်ရှိနေတဲ့အတွက် ဈေးကွက်နဲ့ငွေကြေးလည်ပတ်မှုရှိနေပါတယ်။ ငါးဈေးဟာ အအေးခန်း စက်ရုံတွေနဲ့ချိတ်ဆက်ဆောင်ရွက်တာလည်းရှိတဲ့အတွက် ပြည်ပပို့ကုန်အဆင်ပြေရင် ဒိုင်နဲ့ ငါးမွေးတောင်သူလည်းအဆင်ပြေကြမှာပါ။ အခက်အခဲတွေရှိပေမယ့် ဈေးကွက်လည်ပတ်မှုကြောင့် ဒိုင်တွေ၊ အလုပ်သမားတွေ အဆင်ပြေနေပါတယ်။ အထူးသဖြင့် ရွှေပီတောက်ငါးဈေးကြီးမှာ လုပ်သား ၂၀၀၀ ကျော်ကို နေ့စဉ်အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနေတဲ့ ငါးဈေးကြီးတစ်ခုလည်းဖြစ်ပါတယ်”ဟု ရွှေပီတောက်ငါးဈေးသာယာရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးမောင်နိုင်က ပြောသည်။

ရွှေပီတောက်ငါးဈေးအတွင်းဒိုင်များက လုပ်သားတစ်ဦးလျှင် ရေထွက်ကုန်တစ်ပိဿာလျှင် ငွေကျပ် ၂၀ ဖြင့် ကုန်ချိန် ၁၀၀၀ မှ ၅၀၀၀ ကျော်အထိ လုပ်အားခပေးထားပြီး ရေထွက်ကုန်ဝင်ရောက်၊ ဖြန့်ချိမှုပေါ်မူတည်ကာ ဝင်ငွေကျပ် ၁၀၀၀၀ ကျော်မှ ၂၀၀၀၀ ကျော်အထိရရှိပြီး အခြေခံလစာအနေဖြင့် ငွေကျပ် ၃၀၀၀၀၀ နှင့်အထက် ဖော်ဆောင်ပေးထားသည်။ ဈေးရုံအတွင်း ငါးခြစ်လုပ်ငန်း၊ ငါးသယ်၊ ငါးပို့၊ ရေခဲပို့နှင့် အထွေထွေအလုပ်သမား ၂၀၀၀ ခန့် နေ့စဉ်အလုပ်လုပ်ကိုင်လျက်ရှိရာ နေ့စဉ်လက်ကားရောင်းဝယ်သူ နှစ်သိန်းခွဲခန့်၊ နယ်မှဝင်ရောက်သောယာဉ် ၉၀ ခန့်နှင့် နယ်များသို့ ရေထွက်ကုန်ပို့ဆောင်သော ယာဉ် ၆၀ ခန့်တို့ဖြင့် စည်ကားလျက်ရှိသည်။

ရွှေပီတောက်ငါးဈေးတွင် ဈေးရုံ ရှစ်ရုံ၊ ဆိုင်ခန်းပေါင်း ၄၄၄ ခန်း၊ ပုံကျဆိုင်ခန်း ၁၈၀ ကျော်ရှိပြီး ဈေးရုံရှစ်ရုံတွင် ဂါလန် ၁၀၀၀ ဆံ့ကန်များမှတစ်ဆင့် ရေဖြန့်ဝေပေးပြီး ငါးဒိုင်များသန့်ရှင်းရေးအတွက် နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ယခင်ကထက် ငါးဈေးကြီးအတွင်း သန့်ရှင်းရေးကို ဦးစားပေးဆောင်ရွက်နိုင်ပြီး ဈေးသာယာလှပရေး၊ သန့်ရှင်းရေးနှင့် လုံခြုံရေးကဏ္ဍတို့တွင်လည်း ဈေးသူ ဈေးသားများနှင့် တာဝန်ရှိအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်း-ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပြီး ကျေးရွာသုံးရွာ၊ အိမ်ထောင်စု ၂၁၂၅ စု၊ လူဦးရေ ၆၃၇၅ ဦးတို့ကို အကျိုးပြုပေးနိုင်မည့် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ ကျောင်းကုန်း-ဆိပ်ကြီးလမ်းပိုင်း ကတ္တရာလမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လိုအပ်မှုတင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ် ကရင်ဆိပ်ကျေးရွာ၌ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ၏ တစ်မိသားစုချင်း ဝင်ငွေတိုးပွားစေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရေး နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မိမိတို့ဝန်ကြီးဌာနမှ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားကာ ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကရင်ဆိပ်ကျေးရွာတွင် ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း(Smart Village)ဖြင့် ဆောင်ရွက်သော ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသည့် ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကျေးရွာလမ်းကော်မတီဝင်များနှင့် ဒေသခံပြည်သူအားလုံးက ဆောင်ရွက်ပြီးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်၊ ဝက်မွေးမြူသူများအနေဖြင့် တိရစ္ဆာန်ရောဂါများ မကျရောက်စေရေး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အကူအညီဖြင့် စနစ်တကျဆောင်ရွက်ရန်နှင့် ဈေးကွက်ရရှိရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇလွန်မြို့နယ်၌ ဆီထွက်သီးနှံဆောင်းနေကြာ စံပြကွက်ရိတ်သိမ်း

ဇလွန် မတ် ၂

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြုလုပ်သော မေရီလန်းကျေးရွာအုပ်စု မေရီလန်းကျေးရွာ တောင်သူဦးဝင်းမြင့်ဦး၏ ကွင်းအမှတ် (၁၈၄၁ )၊ ဦးပိုင်အမှတ်(၄၈/၃) လယ်မြေနှစ်ကေတွင် ၂၀၂၃ – ၂၀၂၄ ခုနှစ် ဆောင်းသီးနှံ(နေကြာ) Super Sun – 41 စံပြကွက် စံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့နံနက် ၁၀ နာရီတွင် ပြုလုပ်သည်။

အဆိုပါ ဆောင်းသီးနှံ စံပြကွက်ရိတ်သိမ်းပွဲသို့ ဟင်္သာတခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဆီထွက်သီးနှံဆောင်းနေကြာ လယ်မြေနှစ်ကေ စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ကေလျှင် နေကြာ ၄၇ ဒသမ ၈ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးတိုင်း(အနောက်ခြမ်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပြည် မတ် ၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များသည် မတ် ၁ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နတ်တလင်းမြို့ အထွေထွေရောဂါကု တိုးချဲ့နှစ်ထပ်အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကွင်းဆင်းကြည့်ရှု**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် တီတွတ်ကျေးရွာအနီး ဘက်စုံမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုခဲ့ရာ မွေးမြူသည့် တိရစ္ဆာန်အမျိုးအစားလိုက် ခွဲခြားပြီး မြေကွက်နေရာမဲနှိုက်ချထားပေးမှု အခြေအနေများ၊ လမ်းဖောက်လုပ်ထားရှိမှု၊ လျှပ်စစ်မီးနှင့် ရေရရှိရေး ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ် ရှမ်းစုကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးသိန်းဆွေ၏ ဇီဝဖိုးငှက်မွေးမြူရေး လုပ်ငန်းသို့ သွားရောက် ကြည့်ရှုအားပေးသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း အလားအလာရှိသည့် MSMEs ထုတ်ကုန်တွင် ငှက်သိုက်ပါရှိနေပြီး တိုင်းဒေသကြီးအတွင်း ဇီဝဖိုးငှက်မွေးမြူရေး လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်လာသည်ကို တွေ့ရှိနေရပြီး ငှက်သိုက်ကုန်ကြမ်းမှ အသင့်သောက်သုံးနိုင်သည့် ငှက်သိုက် အားဖြည့်ရည်အဖြစ် ထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**လမ်းညွှန်မှာကြား**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် ငါးရွာကျေးရွာ၌ တစ်နှစ်သုံးသီးစိုက် တစ်ကွင်းတစ်ဆက်တည်း လက်ဆွဲကောက်စိုက် စက်ဖြင့် စိုက်ပျိုးထားသည့် နွေစပါးဧက ၅၀ စုပေါင်းခတ်မြေသြဇာ ကြဲပက်နေမှုနှင့် တမန်းနှိုးခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး စိုက်နည်းစနစ်ပြောင်းလဲခြင်း၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲခြင်း၏ အကျိုးရလဒ်ကို ဒေသခံတောင်သူများအား ခေါ်ယူအသိပညာပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဟုမ္မလင်းမြို့၌ သဘာဝမြေသြဇာအသုံးပြုစိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲကျင်းပ

ဟုမ္မလင်း မတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် သဘာဝမြေသြဇာ အသုံးပြုစိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲကို မတ် ၁ ရက် နံနက်ပိုင်းက ဟုမ္မလင်းမြို့ နန်ဖွတ်မော်ရပ်ကွက် တောင်သူ ဦးဂျိုးဇက်(ခ)ဦးဇော်မျိုးလှိုင်၏ စိုက်ပျိုးရေးခြံ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်းထွန်းတို့က အဖွင့်အမှာစကားပြောကြားပြီး ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာမင်းခန့်ဇော်က မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြီး သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအယ်လ်ဇီးပိုင်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သမဝါယမအစုအဖွဲ့လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးအွေလီယိုက သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ သဘာဝမြေဆွေးပုံ ပြုလုပ်နည်းကို တောင်သူများနှင့်အတူ လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**



# ဤတရားဆိုးများအပေါ် မေတ္တာလက်နက်ဖြင့်သာ ...

ယနေ့လူ့အဖွဲ့အစည်း၏ စရိုက်များ၊ သုစရိုက်ထက် ဒုစရိုက်က များနေသည်၊ ကုသိုလ်အမှုထက် အကုသိုလ်က ပိုများနေသည်။ ကာယကံ၊ ဝစီကံ မဟုတ်လျှင်တောင် မနောကံကမလွတ်၊ မိမိနှင့်ဆန့်ကျင်သူ မုန်းသူဖြစ်လျှင် မုန်းသည့်စိတ်ဖြင့် သေစေရန် တောင့်တကြ၊ ပျက်စီးမှုကို လိုလားကြသည်၊ သေပါစေ၊ ပျက်စီးပါစေသဘော။ သီလ၊ သမာဓိ၊ ပညာဂုဏ်ရှိသူပင်မချန် မစောင့်စည်းနိုင်ကြ၊ ပြစ်မှားကြံစည်လွန်းကြသည်။ ဗျာပါဒဟုခေါ်သည့် ဒေါသအခြေခံ တရား ကိုယ့်သဘောတစ်ခုပင် ဖြစ်သည်၊ ရိုးရိုးဒေါသမဟုတ် ဒီလူသေသွားရင် ကောင်းမှာပဲ၊ ပျက်စီးသွားရင်ကောင်းမှာပဲ စသည်ဖြင့် လွယ်လွယ်ဖြစ်စေချင်ကြသည့် မနောကံ ဒုစရိုက်အတွေးများ.. တွေးရုံမျှနှင့်ပင် အကုသိုလ်ကံ အဘယ်မျှကြီးမားကြောင်း မသိကြ၍ဖြစ်သည်။

### သုံးသွယ်သော အကုသိုလ်ရေသောက်မြစ်

ဒေါသဆိုသော အကုသိုလ်၏ အစွမ်းသတ္တိကား အားကြီးလွန်းလှသည်။ လားရာအနေဖြင့် ဘယ်လိုမှ ကောင်းနိုင်စရာမရှိ။ အကုသိုလ်စိတ်များ၏ အခြေခံသတ္တိနှင့် လားရာ စသည့်ထိုအချက်များကို မမြင်မသိခြင်းသည်ပင် မိစ္ဆာဒိဋ္ဌိ အယူမှားတစ်မျိုးဖြစ်နေသည်။ မိမိတို့၏ စိတ်၊ စေတသိက်များ၌ ကြမ်းကြမ်းတမ်းတမ်းဖြစ်နေအောင်၊ ရိုင်းစိုင်းအောင် ပြစ်မှားစော်ကားတာမျိုးတွေဖြစ်စေသော အခြေခံတရားသည် ဒေါသအမြစ် အားကြီးခြင်းကြောင့်ပါလား၊ ထိုဒေါသဟိတ်ကြီးကြောင့် ပူလောင်မှုတွေ ခံစားရသည်၊ အငြိုးအတေးတွေနှင့် မှတ်ကုန်သည်၊ အမုန်းတွေနှင့် နှလုံးသွင်းမှားကုန်သည်၊ သူတစ်ပါးကိုဒုက္ခရောက်အောင် ကြံစည်ကြတော့သည်။ ထို ထိုစိတ်တွေကြောင့် ရုပ်တွေလည်းကြည့်ပါ၊ ကြမ်းတမ်းခက်ထန်သည့် အသွင်အပြင်များသာ ဖြစ်ကုန်သည်။ ဒေါသအရင်းအမြစ်တစ်ခုတည်းကြောင့်လည်းမဟုတ်နိုင်၊ လိုချင်တပ်မက်လွန်းအားကြီးလျှင် အကုသိုလ်လောဘကို အခြေခံ၍လည်းဖြစ်မည်၊ ထို့ကြောင့် လောဘကျွန် ဖြစ်ကြရသည်၊ အာရုံမှန်သမျှ တပ်မက်လွန်း လောဘအားကြီးလျှင် သူတစ်ပါးပစ္စည်း၊ သူတစ်ပါးနေရာ မတရားသိမ်းပိုက်ချင်တော့သည်၊ လိုချင်တာမရတော့ ဒေါသဖြစ်ရသည်။

နောက်ထပ် အခြေခံတရားတစ်ခုက အမှားကို အမှားမှန်း၊ အမှန်ကိုအမှန်မှန်း အကျိုး ရှိ၊ မရှိ ခွဲခြားမသိနိုင်လောက်သည့် အသိဉာဏ်မဲ့မှု၊ အသိဉာဏ်နည်းတော့ တွေဝေသည်၊ ယုံမှားသံသယ အားကြီးသွားသည်၊ တစ်ခုခုကို လေ့နံ့ခေါးထစ်မှတ် ပိုးဖလံမျိုး မီးကိုတိုးတော့သည်၊ ငါသာမှန်သည်၊ သူကအမှား လက်ခံမှုတွေ၊ ပြောင်းပြန်တွေ ဖြစ်ကုန်သည်၊ ဤသည်ကား အကုသိုလ်အခြေခံတစ်ခု ဖြစ်သော မောဟကြောင့်။ ဤအကုသိုလ် ကျေးဇူးတွေကြောင့် မိမိတို့မှာ ပြောမှားဆိုမှား၊ အလုပ်မှား၊ အပြုအမူအမှား မိုက်မိုက်ကန်းကန်း အမှားကြီးများ ကျူးလွန်မိသည်အထိ ဆိုက်ရောက်ကြရတော့သည်။

### ဒေါသ၏ အပြစ်များစွာ

မိမိတို့မှာ ကိန်းနေသည့် ထိုအကုသိုလ်အခြေခံတွေကြောင့် အားလုံးမှာ အေးအေးချမ်းချမ်း သာသာယာယာမနေနိုင်ကြရတော့ပါ။ ပူပန်သောကတွေကြီးရသည်။ စိတ်ကို မထိန်းချုပ်နိုင်သည့်အခါ ရုပ်မှာပါ ဖောက်လှဲဖောက်ပြန်တွေ ဖြစ်ကုန်သည်။ မတရားလုယက် တိုက်ကြ၊ ခိုက်ကြ၊ အစုလိုက်၊ အပြုံလိုက် သတ်ကြ၊ ဖြတ်ကြသည်အထိ ဖြစ်ကြရသည်။ ပြန်ကြည့်တော့ စိတ်မချမ်းသာမှု၊ စိုးရိမ်မှု၊ ပူလောင်မှု၊ ကြမ်းတမ်းမှု၊ ဖျက်ဆီးမှု၊ ပျက်စီးမှု အားလုံးသည် ဒေါသနှင့်သာဆိုင်သည်။ ထိုဒေါသကြောင့်ပင် ကိုယ့်အကျိုးစီးပွား အဖျက်ခံရ၊ သူ့အကျိုးပျက်အောင် ကလဲ့စား အပြန်အလှန်တွေ ဖြစ်ကုန်သည်။

> “မိမိစိတ်အတွင်းရန်သူဒေါသသည် အလွန်ဖြစ်လွယ်ပြီး အပြင်ရန်သူထက်လည်းပိုဆိုးသည်။ စိတ်ထဲတွင် တန့်နန့်ဖြင့် စိတ်ဖိစီး၊ စိတ်ပျက်၊ အစားပျက် အိပ်ပျက်သည်အထိ ဖြစ်ရသည်။ ထို့ကြောင့် မိမိတို့၏ ခံစားမှုများကို အလွယ်တကူဖော်ထုတ်မိကြပြီး သူရဲကောင်းသဖွယ် အလွန်အကျွံ ပြသကြသည့်အတွက် ရင့်ကျက်မှုမရှိရာ ရောက်ပါသည်။ တချို့ကလည်း မိမိဒေါသကို တမင်ပြသကြတာလည်းရှိသည်။ သို့သော် ထိုဒေါသကြောင့် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု နားလည်မှု ပျက်ရသည်ကို သတိမပြုမိကြ။ ဒေါသအားကြီးသူများဆိုလျှင် ဘာအာရုံပဲလာလာ အကောင်းဘက်မမြင်တော့၊ သံသယဝင် အဆိုးသာမြင်၍ မီးလောင်ရာလေပင့် အဆိုးဘက်ကို ပိုရောက်သွားတတ်”

မိမိစိတ်အတွင်းရန်သူဒေါသသည် အလွန်ဖြစ်လွယ်ပြီး အပြင်ရန်သူထက်လည်း ပိုဆိုးသည်။ စိတ်ထဲတွင် တန့်နန့်ဖြင့် စိတ်ဖိစီး၊ စိတ်ပျက်၊ အစားပျက် အိပ်ပျက်သည်အထိ ဖြစ်ရသည်။ ထို့ကြောင့် မိမိတို့၏ ခံစားမှုများကို အလွယ်တကူဖော်ထုတ်မိကြပြီး သူရဲကောင်းသဖွယ် အလွန်အကျွံ ပြသကြသည့်အတွက် ရင့်ကျက်မှုမရှိရာ ရောက်ပါသည်။ တချို့ကလည်း မိမိဒေါသကို တမင်ပြသကြတာလည်းရှိသည်။ သို့သော် ထိုဒေါသကြောင့် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု နားလည်မှု ပျက်ရသည်ကို သတိမပြုမိကြ။ ဒေါသအားကြီးသူများဆိုလျှင် ဘာအာရုံပဲလာလာ အကောင်းဘက်မမြင်တော့၊ သံသယဝင် အဆိုးသာမြင်၍ မီးလောင်ရာလေပင့် အဆိုးဘက်ကို ပိုရောက်သွားတတ်သည်ကိုလည်း သတိမထားမိကြ။

ထို့ကြောင့် အတွင်းရန်သူသဘောကို မြင်အောင်ကြည့်၍ မြွေပွေးခါးပိုက်ပိုက်သလို မဖြစ်အောင် ဒေါသတရားဆိုးကို ပယ်သတ်နိုင်မှ လူ့အဖွဲ့အစည်းမှာ အတော်အတန် ငြိမ်းချမ်းမည်ဟု ဆိုနိုင်ပါမည်။ ပယ်သတ်ရမည်ဆိုသည်မှာ တစ်ခဏလေး တွေးမိ၊ ပြောမိ၊ လုပ်မိရုံဖြင့် ဤဒေါသက သံသရာတစ်ခုလုံး တောက်လျှောက်ဒုက္ခပေးသွားပြီး ဘဝပေါင်းများစွာမှာ ပေးဆပ်ရမည်စိုး၍ဖြစ်ပါသည်။

### သီလ သမာဓိ ပညာသာ

ထို့ကြောင့် ဒေါသဖြင့် အနိုင်ယူလိုစိတ်ကို ရှောင်စေချင်သည်၊ မလိုအပ်ဘဲ စိုးရိမ်မှုတွေ လျှော့ချစေလိုသည်၊ ပူပန်မှုတွေ လျှော့စေချင်သည်။ သူဘာလဲ၊ ငါဘာလဲ၊ မခံချင်မှု၊ ငြင်းခုံမှုများဖြင့် အပျက်မတွေးဘဲ အပြုဘက်ဆောင်၍ အကောင်းဘက်ကိုသာ ပိုမြင်စေလိုသည်။ လူမိုက်နှင့်ပြိုင်လျှင် ကိုယ်လည်းလူမိုက်၊ သူ့အကုသိုလ်က ကိုယ့်အကုသိုလ်ဖြစ်၍ ပျော်ရွှင်မှုမဖြစ် အကျည်းတန်ပါမည်။ အဘယ်ကြောင့်ဆိုသော် ထိုဒေါသတရားများကြောင့် မိမိကိုယ်တိုင် အရှုံးသမားဖြစ်သွားသောကြောင့်ဖြစ်သည်။

ထို့ကြောင့် မကောင်းသည့် ထိုဒေါသဆိုးကို လျှော့ဖို့၊ ပယ်ဖို့၊ သတ်ဖို့လိုလာပြီပေါ့။ ဤတွင် သီလ၊ သမာဓိ၊ ပညာတို့သာ အားကိုးရာ ဖြစ်တော့မည်။ သီလဖြင့် သီလရှိခိုက် သီလယူခိုက် အာရုံများမှ ဝေးကွာအောင်နေခိုက် ခေတ္တခဏလေးမှာသာ ဖြစ်လာသည့် ဒေါသကို လျှော့ချနိုင်သည်။ မစောင့်စည်းနိုင်သူအဖို့မှာ ဒေါသကဝင်လွယ်မည်။ သမာဓိဖြင့်သာ ဒေါသ၏ ပင်စည်ကိုသာ ဖြတ်တောက်နိုင်မည်ဖြစ်ပြီး ဆိုင်ရာအာရုံများနှင့် တကယ်တမ်းတွေ့လာလျှင် တားနိုင်မည်မဟုတ်။ သို့သော် သမာဓိကြောင့်သာ သတိသည် အားကောင်းလာနိုင်ပြီး ထိုသတိဖြင့် ဒေါသကို ဒေါသဖြစ်မှန်းသိကာ ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် သတိကို အခြေခံ၍ သမာဓိတည်ငြိမ်မှုဖြင့် ပညာကိုသာ အားကိုးရပါမည်။

> “မကောင်းသည့် ထိုဒေါသဆိုးကို လျှော့ဖို့၊ ပယ်ဖို့၊ သတ်ဖို့လိုလာပြီပေါ့။ ဤတွင် သီလ၊ သမာဓိ၊ ပညာတို့သာ အားကိုးရာ ဖြစ်တော့မည်။ သီလဖြင့် သီလရှိခိုက် သီလယူခိုက် အာရုံများမှ ဝေးကွာအောင်နေခိုက် ခေတ္တခဏလေးမှာသာ ဖြစ်လာသည့် ဒေါသကို လျှော့ချနိုင်သည်။ မစောင့်စည်းနိုင်သူအဖို့မှာ ဒေါသကဝင်လွယ်မည်။ သမာဓိဖြင့်သာ ဒေါသ၏ ပင်စည်ကိုသာ ဖြတ်တောက်နိုင်မည်ဖြစ်ပြီး ဆိုင်ရာအာရုံများနှင့် တကယ်တမ်းတွေ့လာလျှင် တားနိုင်မည်မဟုတ်။ သို့သော် သမာဓိကြောင့်သာ သတိသည် အားကောင်းလာနိုင်ပြီး ထိုသတိဖြင့် ဒေါသကို ဒေါသဖြစ်မှန်းသိကာ ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် သတိကို အခြေခံ၍ သမာဓိတည်ငြိမ်မှုဖြင့် ပညာကိုသာ အားကိုးရပါမည်။”

### သည်းခံခြင်းဖြင့်

ဤသို့ဖြင့် ကျွန်တော်တို့သည် ပညာဉာဏ်ကလေးဖြင့် ဒေါသကို လျှော့ချနိုင်အောင် ကြိုးစားကြည့်စေချင်သည်။ ဒေါသဆိုသည်မှာ အကုသိုလ်တရားဆိုးဖြစ်သည်နှင့်အညီ ဒေါသ၏ အပြစ်များကို မြင်ခဲ့ပြီးပါပြီ။ အမှားနှင့်အမှန် ခွဲခြားတတ်လျှင် အပြစ်ဖြစ်မှာကို ဘယ်တော့မှ လုပ်ဖြစ်မည်မထင်ပါ။ ပို၍ဆိုးမသွားအောင် အဆိုးကိုပယ်ဖို့ ကြိုးစားကြမည်သာ ဖြစ်သည်။ မေတ္တာလက်နက်ဖြင့် မေတ္တာထားခြင်းကို အကောင်းဆုံးသောစိတ် အလေ့အကျင့်တစ်ခုအဖြစ် ကြိုးစားအားထုတ်လျှင် ဖြစ်ပါ

ဒေါက်တာမြတ်မိုး

သည်။ မေတ္တာတရားက မိမိကိုယ်မိမိ နှိမ့်ချမှုကို ပေးပြီး သည်းခံခြင်းဟူသော ခွန်အားကို ပေးစွမ်းပါသည်။

**“သည်းခံခြင်းထက်သာလွန်သော အကျိုးစီးပွားဟူသည်မရှိ”**ဟူ၍လည်း မြတ်စွာဘုရားက ဟောကြားထားသည် မဟုတ်ပါလား။ မေတ္တာဟူသည် သူတစ်ပါး၏ အကျိုးကို လိုလားပြီး လိုလိုလားလား ဆောင်ရွက်ပေးခြင်းမည်ပါသည်။ ကိုယ့်အတွက်မပါ သူ့အကျိုးကိုလိုလားစွာလုပ်ပေးနေခြင်းသည်ပင် စစ်မှန်သော မေတ္တာဖြစ်သည်။ ထို့အပြင် ဒေါသတရားဆိုး၏ အပြစ်ကိုသိပါမှလည်း သည်းခံခြင်းနှင့်မေတ္တာတရားကို ထမ်းရွက်နိုင်စွမ်းရှိပါမည်။

### သူ့ဒေါသ ကိုယ့်ဒေါသဘယ်လိုဖြေဖျောက်ကြမလဲ

မြတ်စွာဘုရား၏ အဆုံးအမကိုလိုက်နာခြင်းဖြင့် ဒေါသအပြစ်ကိုသိထားလျှင် ဒေါသထွက်စရာ အကြောင်းမရှိတော့သည့်အတွက် မိမိကိုယ်မိမိ ဆုံးမ၍ ဒေါသကိုပယ်နိုင်ဖို့ ကြိုးစားနိုင်ပါသည်။ **“သူမသိလို့ ပြောနေတာပဲ”၊ “သူနားမလည်လို့ လုပ်မိတာပဲ”၊ “သူ့မှာလည်း ကောင်းတာတွေရှိခဲ့တာပဲ”**၊ ကောင်းကွက်ကိုယူ၍ သူ၏ကောင်းကွက် အမူအရာ၊ အပြောအဆိုကို အဖန်တလဲလဲ ပြန်မြင်ယောင်ဆင်ခြင်ပြီး အဆိုးဘက်ကို မမြင်အောင် နေလိုက်ခြင်းကပင် ဒေါသကို အထိုက်အလျောက် ပြေပျောက်နိုင်ပါသည်။

ဝိသုဒ္ဓိမဂ်တရား၏ အကျိုးကျေးဇူးများကြောင့် ကျွန်တော်တို့ မေတ္တာပွားနည်း ကမ္မဋ္ဌာန်းစီးဖြန်းပုံများ သိနားလည်ခွင့်ရခဲ့ကြသည်။ ထိုထိုပွားနည်းအတိုင်း အဖန်တလဲလဲ မေတ္တာပို့ခြင်းဖြင့် အမျက်ဒေါသကို ပြေငြိမ်းပယ်ဖျောက်နိုင်ပါသည်။ မသိနားမလည်လို့ ဒေါသထွက်သူကို ပိုသိ၊ ပိုနားလည် ပညာပိုတတ်သူက ဒေါသဖြင့် ပြန်လည်တုံ့ပြန်မိကလည်း သူ့ထက်ပင် သာ၍ယုတ်မာသူ ဖြစ်သွားနိုင်သည်။ ထိုသဘောကိုလည်း သတိချပ်သင့်သည်။ တစ်ခါတစ်ရံ ပြင်းစွာ ဒေါသထွက်နေသူအပေါ် ဘာမှပြန်မပြောဘဲ နေလိုက်ခြင်း၊ နေရာမှ ရှောင်ထွက်သွားခြင်းက ကိုယ့်အတွက်၊ သူ့အတွက် ဒေါသ လျော့ပါးသွားတတ်သည်ကို မကြာခဏကြုံဖူးသည်။ တစ်ခါတစ်ရံ သူ့ကိုကြည့်ပြီး အလိုလို ဒေါသထွက်နေတာမျိုး၊ သူက ဘာမှ လုပ်နေတာမဟုတ် ကိုယ့်ကြောင့် ကိုယ့်ဒုက္ခ ကိုယ်ဖြစ်နေတာမျိုးလည်း ရှိတတ်သည်။ သူကိုယ်တိုင်က ကိုယ့်ကိုဒုက္ခအမျက် မထွက် ထွက်လာအောင် လာဆွပေးနေသလိုမျိုး မြင်သင့်သည်။

### ပညာဉာဏ်ဖြင့်ဆင်ခြင်၍

ကိုယ့်ဆီမှာ ဒေါသအမျက်မထွက်ပေါ်အောင် ဆင်ခြင်ရန် တရားသဘောများစွာ ရှိပါသည်။ ဒေါသကို ချေဖျက်မည့် ပညာဉာဏ်များပင်ဖြစ်သည်။ မိမိတို့သည် အမှန်တကယ် ကံတရား၏ အမွေခံများ မဟုတ်ပါလား၊ ကံသာလျှင် ဆွေမျိုး ကံသာလျှင် အားကိုးရာ ဖြစ်ပါသည်။ ဒေါသထွက်သောသူသည် အတိတ်ကံကြောင့်သာ ဖြစ်နေရသည်။ ယခုလို ပြုမိသော အကုသိုလ်ကံကြောင့် အထူးသဖြင့် ကိလေသာစင်ကြယ်သော သီလ၊ သမာဓိ၊ ပညာ ပြည့်စုံသောသူများအပေါ်တွင် ပြုမိမှားမှုကြောင့် ယခုဘဝ နောင်ဘဝ သူ့ခမျာ မကောင်းကျိုးများ ပြန်ခံရပေဦးမည်။ သနားစရာအဖြစ်သာ မြင်မိတော့သည်။ ကိုယ်လည်း ဒီလိုကြားရ၊ မြင်ရ စိတ်မချမ်းသာ ဖြစ်ရခြင်းသည်လည်း အတိတ်ကံ မကောင်းခဲ့လို့ဟူသော ဆင်ခြင်မှုများသည် ကုသိုလ်အတွက် လွန်စွာအထောက်အကူ ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ❁

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ Best International Travel & Agency တို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် လာရောက်သော ထိုင်းနိုင်ငံသား ရိုက်ကူးရေးအဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်



နေပြည်တော် မတ် ၂

ထိုင်းခရီးသွားဧည့်သည်များ အနေဖြင့် ပိုမိုသိရှိ လာရောက်လည်ပတ်စေရေး အတွက် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ခရီးလှည့်လည်ရေး လုပ်ငန်း လိုင်စင်ရယူထားသော Sai Swe ကုမ္ပဏီလီမိတက်နှင့် ထိုင်းနိုင်ငံရှိ Best International Travel & Agencyတို့ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံသား ရိုက်ကူးရေး အဖွဲ့ဝင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်နှင့် ပုဂံမြို့ရှိ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသော နေရာများကို ရိုက်ကူးရန် ခရီးစဉ်ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံသို့ လာရောက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့လာရောက်ဖူးမြော်၍ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များကို ရိုက်ကူးလျက်ရှိသော ထိုင်းနိုင်ငံသား ရိုက်ကူးရေးအဖွဲ့ဝင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့အကြား အစိုးရ၊ ပုဂ္ဂလိက ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ဆောင်ရွက်မှုများကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုခရီးစဉ်သည် ခရီးသွားမြှင့်တင်ရေး အစီအစဉ်တစ်ခု ဖြစ်သဖြင့် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ ယခုကဲ့သို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်၍ ရိုက်ကူးရေးအစီအစဉ်များ ပြုလုပ်ခြင်းကို ကြိုဆိုပါကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်ကြောင်း၊ ရိုက်ကူးရာတွင် ဘုရားကြီးရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များ၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသော မော်ကွန်းတိုက်၊ ကျောက်စာရုံ စေတီတော်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အအုံများကိုပါ စုံလင်စွာ ရိုက်ကူးပေးကြစေလိုကြောင်း၊ ခရီးစဉ်တစ်လျှောက် ပျော်ရွှင်ချောမွေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့တာဝန်ရှိသူက ဘုရားကြီးအား တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှု၊ ပြည်တွင်းပြည်ပ ဘုရားဖူးခရီးသွားများ လာရောက်ဖူးမြော်မှုတို့ကို ရှင်းလင်းပြောကြားပြီး ထိုင်းဘာသာစကားဖြင့် ပြုလုပ်ထားသော မှတ်တမ်းဗီဒီယိုကို ပြသသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရတနာဆင်ဖြူတော်များ၊ လွှတ်တော်၊ ပုဂံဒေသရှိ ပုဂံရှုခင်းအလှနှင့် ပုဂံဒေသ၏ နေထွက်ရှုခင်းအလှများကို ရိုက်ကူးရေးဆောင်ရွက်ပြီး ထိုင်းနိုင်ငံတွင် ထုတ်လွှင့်လျက်ရှိသော Channel 8 ရုပ်သံလိုင်းနှင့် အခြားလူမှုကွန်ရက်များမှတစ်ဆင့် ထိုင်းခရီးသွား ဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်နိုင်စေရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုက်ထိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကျိုက်ထို မတ် ၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မြို့သန့်ရှင်းသာယာရေးအတွက် အပတ်စဉ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့်အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းကာ ကျောင်းဝင်းအတွင်း၌ အမှိုက်များ၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**



## သထုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

သထုံ မတ် ၂

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတို့တွင် မြို့သန့်ရှင်းသာယာရေးအတွက် အပတ်စဉ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ကြသည်။

### ပူးပေါင်းဆောင်ရွက်

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းတို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းကာ ကျောင်းဝင်းအတွင်း၌ အမှိုက်များ၊ ချုံနွယ်များရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများခုတ်ထွင်ခြင်းများ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၂

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မတ် ၂

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

❀ စာမျက်နှာ ၆ မှ

မိမိတို့ယခုဘဝမှာ တွေ့ဆုံရသူအချင်းချင်းသည် သံသရာတစ်လျှောက် ဆွေမျိုးတော်စပ်ခဲ့ကြဖူးသူများဟုလည်း ဆင်ခြင်မိပါသလား၊ အမှန်ပင် မိမိတို့သည် သံသရာတစ်လျှောက် ဆွေမျိုးတော်စပ်ခဲ့ကြဖူးပါသည်။ မိခင်၊ ဖခင်မဖြစ်ဖူးသူ၊ ညီအစ်ကို မောင်နှမ မဖြစ်ဖူးသူ၊ သားသမီး မဖြစ်ဖူးသူဟူ၍ မရှိပါ၊ အပြန်အလှန်ကျေးဇူးပြုခဲ့ဖူးကြ၍ ယခုဘဝပြန်ဆုံကြခြင်းသာဖြစ်သည်။ ထိုသို့ဆင်ခြင်မိလျှင် မိမိကစ၍ အမျက်ထွက်ရန်မသင့်တော့ဘဲ သူအမျက်ထွက်သည်ကိုလည်း သည်းခံခွင့်လွှတ်သွားနိုင်မည်ဖြစ်သည်။

တရားသဘောဖြင့် ဆင်ခြင်ခြင်းကိုက ကုသိုလ်များစွာ ရနေပါသည်။ ပရမတ်သဘောဖြင့် ဆင်ခြင်လျှင် အမှန်မှာ ခန္ဓာငါးပါး၊ ရုပ်နမ်နှစ်ပါးသာရှိသည်။ ဘယ်လိုမှ အစိုးမရသော အမြင်၊ အသံ၊ အနံ့ စသည့် အာရုံရုပ်များနှင့် စက္ခု၊ သောတ စသည့် ပသာဒရုပ်များအကြောင်း တိုက်ဆိုင်မိ၍ ဖြစ်ပေါ်လာသော မြင်သိစိတ်၊ ကြားသိစိတ်များနှင့်အတူ ယှဉ်တွဲပါလာသော စိတ်ခံစားမှုများ စိတ်မချမ်းသာမှု ၊ ချမ်းသာမှု စသည်များသည် ဒုက္ခသဘောသာဖြစ်သည်။ ဆိုလိုသည်မှာ ပြင်ပအာရုံကလည်း ကိုယ်အစိုးမရသည့် အကြောင်းတရား၊ ကိုယ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာတို့ကလည်း အတိတ်ကံကြောင့် ရရှိလာသည့် ရုပ်များသာ၊ ဤအကြောင်းတရားများကြောင့် ဖြစ်လာရသည့် အကျိုးတရားကား ဒေါမနဿ၊ ဘာမှမပိုင်၊ အစိုးမရတာချင်း တိုက်ဆိုင်မိ၍သာ ဖြစ်လာရသည့် ဤဒေါသသည်လည်း ကိုယ်မပိုင်ပါ၊ ကြားသည့်ခဏ ထိမိသည့်ခဏမှာ ဖြစ်လာသည့် ဒေါသလည်း ခဏပါပဲ၊ ကိုယ့်ဆီမှာ ဘာမှမတည်၊ ဘာမှမမြဲ၊ အနိစ္စသဘောကို လေ့ကျင့်အားထုတ်ထားသူအဖို့ ဖြစ်ပြီးပျက်သွားတာပါပဲ။ ဒီလိုတရားသဘောတွေကို မိမိကြားခိုက်၊ မြင်ခိုက်ခဏမှာ အနိစ္စသဘော၊ အနတ္တသဘောကို ပညာဉာဏ်ဖြင့် ဆင်ခြင်ခြင်းဖြင့် ဒေါသကို ဒေါသမှန်း ချက်ချင်းသိပြီး ကုသိုလ်တွေသာ တိုး၍ တိုး၍ ရနေပါတော့သည်။ မဆင်ခြင်မိ၍ စိတ်ထဲမှာ တနုံ့နုံ့တွေးရင်း တွေးရင်းနှင့်မူ အကုသိုလ် ဒေါသဇောတွေသာ ဆင့်၍ ဆင့်၍ လိုက်ပါနေမည်ဖြစ်သည်။

လူဟူသော ပုထုဇဉ်မှာ ဒေါသဟိတ်သည် အကုသိုလ် ရေသောက်မြစ် ဟိတ်ခြောက်ပါးအနက် တစ်ခုအပါအဝင်ဖြစ်သည်။ တချို့က ဒေါသဖြစ်တာသည် ပုံမှန်စိတ်တစ်ခုဟုလည်း အယူရှိကြသည်။ သို့သော် ဗုဒ္ဓမြတ်စွာဘုရားက ကံ၊ ကံ၏ အကျိုးတရားနှင့်ယှဉ်၍ အကြောင်းနှင့် အကျိုးဆက်စပ်ထားသည်ဖြစ်ရာ ထိုဆက်စပ်မှုကို မကောင်းမှုအဖြစ် သံသရာမှာ ပါမသွားရလေအောင် လျှော့ချတားဆီးရမည်သာ ဖြစ်ပါသည်။ လိုချင်တာကို ရဖို့ဆိုလျှင် ဒေါသကိုရှေ့မထားသင့်၊ သို့မှသာ မိမိစိတ် ငြိမ်းချမ်းမည်ဖြစ်ပြီး ထိုမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိလူ့အဖွဲ့အစည်းနှင့် လောကကြီးအထိ ငြိမ်းချမ်းအောင်လုပ်နိုင်မည် ဖြစ်သည်။

အတွင်းမီး မငြိမ်းသရွေ့တော့ ပြင်ပအပူကို အေးစေနိုင်မည်မဟုတ်ပါ။ အတွင်းရန်အောင်မှ အပြင်ရန်အောင်ပါမည်။ တစ်ခဏလေးပဲဖြစ်ဖြစ် ပယ်သတ်နိုင်အောင် ကြိုးစားပေးပါ။ တစ်ခဏ ဒေါသတောင် မပယ်နိုင်သူသည် ကမ္ဘာဖျက်လက်နက်ခလုတ်ကိုနှိပ်မိလျှင် အဘယ်သို့ဖြစ်မည်နည်း…စဉ်းစားကြည့်ပါ။ ထို့ကြောင့် ဒေါသကလူသတ်လက်နက်ထက် ပို၍ဆိုးသည်ဟုဆိုခြင်းဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော်တို့အားလုံး မီးကိုမီးဖြင့် အနိုင်မယူဘဲ မေတ္တာအအေးဓာတ်ဖြင့်သာ ငြိမ်းအောင်ကြိုးစားကြရအောင်သာ မေတ္တာဖြင့် မျှဝေလိုက်ရပါသည်။ ။

# ထိုင်းနိုင်ငံမှ ရိုက်ကူးရေးအဖွဲ့များနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တောင်သူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၂**

ထိုင်းခရီးသွားဧည့်သည်များ အနေဖြင့် ပိုမိုသိရှိ လာရောက် လည်ပတ်စေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်ရယူထားသော Sai Swe ကုမ္ပဏီလီမိတက်နှင့် ထိုင်းနိုင်ငံရှိ Best International Travel & Agency တို့ ပူးပေါင်း စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံသား ရိုက်ကူးရေးအဖွဲ့ဝင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသော မျိုးစေ့ပြပွဲသို့ လာရောက်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တောင်သူများသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက် ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းပြသမှုတို့ကို ဘုရားဖူးအဖွဲ့လိုက် သီးခြားစီ ရှင်းလင်းပြသသည်။

ထို့နောက် ထိုင်းနိုင်ငံမှ ရိုက်ကူးရေးအဖွဲ့များနှင့် တောင်သူများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကိုအသေးစိတ်ရှင်းလင်း ပြောကြားပေးမှုများ အပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။



ဆက်လက်၍ ထိုင်းနိုင်ငံမှ ရိုက်ကူးရေးအဖွဲ့များနှင့် ဘုရားဖူးတောင်သူများသည် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါတယ်–







**ပထမတစ်ယောက်**

ကျွန်မက ဗုဒ္ဓဘာသာကိုအဓိက ယုံကြည် ကိုးကွယ်ပါတယ်။ တော်တော် ပီတိဖြစ်ပါတယ်။ ဒီတစ်ခေါက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာဖူးရတဲ့အခါမှာ အလွန်ကိုသပ္ပာယ်တဲ့ဘုရားပါ။ ဘယ်မှာမှမရှိတဲ့ ဘုရားကို ပထမဆုံးလာပြီး ဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဗုဒ္ဓဘာသာတွေအတွက်လည်း ဂုဏ်ယူပါတယ်။ အများပြည်သူတွေကိုလည်း လာရောက်ဖူးမြော်ဖို့ ဖိတ်ကြားချင်ပါတယ်။ လာရောက်တဲ့အချိန်တိုင်းမှာ အလွန်အဆင်ပြေပါတယ်။ လည်ပတ်စရာများ စုံလင်စွာတွေ့ရပါတယ်။ ထိုင်းလူမျိုးတွေကိုလည်း လာလည်စေချင်ပါတယ်။ လည်ပတ်စရာတွေ၊ စိတ်ဝင်စားစရာတွေ များစွာ ရှိပါသေးတယ်လို့ ပြောချင်ပါတယ်။ ထိုင်းလူမျိုးတွေအတွက်လည်း လည်ပတ်စရာနေရာသစ်တစ်ခုကို သိစေချင်တယ်။ လည်ပတ်တဲ့ နေရာကလည်း အလွန်အရေးကြီးတဲ့ နေရာဖြစ်တယ်။ ဒီမြန်မာနိုင်ငံအတွင်းထဲမှာ အခုဒီ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟာ ကမ္ဘာမှာဉာဏ်တော်အမြင့်ဆုံးဖြစ်လို့ ထိုင်းလူမျိုးတွေကို အများကြီးလာရောက်ဖူးမြော်စေချင်ပါတယ်။ ထိုင်းလူမျိုးအများစုကတော့ ရန်ကုန်၊ ကျိုက်ထီးရိုး၊ မန္တလေး၊ ပုဂံကိုသွားတာများပါတယ်။ Best International Company အနေနဲ့လည်း အဲဒီလည်ပတ်စရာ နေရာတွေကို အများကြီး စီစဉ်ထားရှိပါတယ်။ ရန်ကုန်မှာဆိုရင် ရွှေတိဂုံဘုရား၊ သန်လျင်၊ ကျိုက်ထီးရိုး၊ မန္တလေးမှာဆိုရင် မဟာမြတ်မုနိဘုရားနဲ့ ပုဂံပေါ့နော်။ ပုဂံမှာဆိုရင် စေတီတွေအများကြီးရှိတဲ့ ရှုခင်းတွေပါ။ အခု နေပြည်တော်မှာရှိတဲ့ ဉာဏ်တော်အမြင့်ဆုံး မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးကို ထပ်တိုးခရီးစဉ်အဖြစ်လည်း စီစဉ်ထားရှိပါတယ်။

**ဒုတိယတစ်ယောက်**

TV ထဲမှာတော့ ဒီဘုရားကြီးရဲ့ ထုဆစ်ထားတဲ့ပုံတွေ မြင်ဖူးပါတယ်။ ဖူး ဖူးပါတယ်။ ခုကတော့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ပြီးတော့ ဖူးရတဲ့အတွက် အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာ ထွန်းကားရေးအတွက် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဆိုတဲ့သာသနာသုံးရပ်ကို ပြုလုပ်ထားတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။

**တတိယတစ်ယောက်**

ဆရာတော်တွေရော၊ အဖွဲ့အစည်းတွေအကုန်လုံး စည်စည်ကားကားနဲ့ သိုက်သိုက်မြိုက်မြိုက်၊ ဝိုင်းဝိုင်းဝန်းဝန်းနဲ့ စည်စည်ကားကား ဆောက်လုပ်ထားတာ အခုမှမြင်တွေ့ရတာ အင်မတန်ပီတိဖြစ်ရပါတယ်။ စိုက်ပျိုးရေးက ကျွန်တော်တို့ ကားနဲ့ရော၊ ဘုရားဝန်ထမ်းတွေကရော ကားနဲ့ အကုန်လုံး စီစဉ်ပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**



# ကဝမြို့၌ မီးငြိမ်းသတ်ရေးနှင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ကဝ မတ် ၂**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်မီးသတ်ဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ပြည်သူများအား လျင်မြန်ထိရောက်စွာ ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့မွန်းလွဲ ၁ နာရီက ကဝမြို့ဝန်ထမ်းအိမ်ရာ၌ ဆောင်ရွက်သည်။

**ဇာတ်တိုက်လေ့ကျင့်**

သဘာဝဘေးအန္တရာယ်များဖြစ်သည့် ငလျင်လှုပ်ခတ်ခြင်းကြောင့် မီးလောင်ကျွမ်းခြင်း၊ အဆောက်အအုံပြိုကျခြင်း၊ အထပ်မြင့်အဆောက်အအုံမှ ပိတ်မိလူများအား ကယ်ဆယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် မီးငြိမ်းသတ်ခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူးဦးမင်းသူ ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များပူးပေါင်း၍ မီးသတ်ပိုက်များဖြင့် မီးငြိမ်းသတ်ခြင်း၊ အဆင့်မြင့်ကယ်ဆယ်ရေးပစ္စည်းများ အသုံးပြု၍ ကယ်ဆယ်ခြင်း၊ အထပ်မြင့်အဆောက်အအုံများတွင် ပိတ်မိနေသောလူများအား ရှာဖွေကယ်ဆယ်ခြင်းများကို ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**



# တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံဝင်း အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**တောင်ကြီး မတ် ၂**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် မတ် ၂ ရက် နံနက် ၇ နာရီခွဲက တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံဝင်း အတွင်း၊ အပြင်၌ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက ချုံ၊ နွယ်မြက်၊ ပေါင်းပင်များ၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် ကံကော်လမ်းရှိ ရေနုတ်မြောင်းအတွင်း အမှိုက်သရိုက်များကို စည်ပင်သာယာရေးမှ စက်များဖြင့်ဆယ်ယူနေမှုနှင့် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်အတက်လမ်း တိုးချဲ့ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မိတ္ထီလာ-တောင်ကြီး ကျိုင်းတုံ၊ တာချီလိတ်လမ်း မူလ ၂၄ ပေအကျယ် ကတ္တရာလမ်းမှ ၄၈ ပေကျယ် ကတ္တရာလမ်း တိုးချဲ့ဆောင်ရွက်နေမှုကို ပြည်နယ်လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသူရဇော်က ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်စွက်မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်သစ်တောဦးစီးဌာနမှ တောင်ကြီးမြို့ စိမ်းလန်းစိုပြည်ရေး၊ မြေအောက်ရေများ



မခန်းခြောက်နိုင်ရေးအတွက် လှိုင်ခမ်းအိမ်ရာဝင်း အတွင်း ချယ်ရီပင်၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ သပြေဘူတ၊ ငုဝါ၊ ငုချယ်ရီ၊ သီးပင်၊ စားပင်၊ ဝက်သစ်ချ၊ ရေသင်းဝင်၊ မာတာကွတ်၊ စွယ်တော်၊ စကားဝါ၊ ထင်းရှူး၊ ထင်းရှူး ပဒေသာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ သင်တန်းသားများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား တေးသံရှင်များက စုပေါင်းဖျော်ဖြေ

**ရန်ကုန် မတ် ၂**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) တွင် သင်တန်းတက်ရောက်နေကြသည့် သင်တန်းသား သင်တန်းသူများ၊ တက္ကသိုလ်ဝန်ထမ်းများနှင့် မိသားစုဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မြန်မာ့အသံတေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များ၊ မြဝတီရုပ်မြင်သံကြားမှ တေးသံရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန်ယဉ်ကျေးမှု တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် ရုပ်သေးပညာရှင်တို့က ယနေ့ညနေပိုင်းတွင် ရတနာသဃ်ခန်းမ၌ ဖျော်ဖြေရေး အစီအစဉ်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုဖျော်ဖြေကြရာ တစ်ခဲနက် ကြည့်ရှုအားပေးကြသည် ။

အဆိုပါ ဖျော်ဖြေပွဲတွင် ရန်ကုန်ယဉ်ကျေးမှု တက္ကသိုလ်အကအဖွဲ့မှ ပွဲဦးကပဟန်ရွှေပန်းပန်၊ လှုပဝေဆာအကပဒေသာ၊ ရုပ်သေးနှင့်လူ၊ ကကြိုးတူ၊ အင်းဝခေတ် ယိမ်းအက၊ သစ္စာတူပြိုင်ချစ်မဏ္ဍိုင် နှစ်ပါးသွား၊ ရုပ်သေးဇော်ပြိုင် အက၊ ကကြိုးစုံစွာ ပတ်မဆစ်တစ်ရာ၊ တိုင်းရင်းသားယိမ်းအက တို့ဖြင့် အဖွင့်တေးသီချင်းများ၊ အကပဒေသာ၊ နှစ်ပါးသွားနှင့် ယိမ်းအကစုံလင်စွာဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။ တစ်ဆက်တည်းမှာပင် ဖောင်ကြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ သင်တန်းသား သင်တန်းသူများကလည်း ကာရာအိုကေသီချင်းများ သီဆိုယှဉ်ပြိုင်ကြပြီး မြဝတီရုပ်မြင်သံကြားမှ တေးသံရှင်များက ပွဲ့ကိုင်ရှင်၊ ညီလေး၊ ကိုယ့်အတွက် အိပ်မက် မင်းမက်လား၊ မန်းတောင်ရိပ်ခို(မြနန္ဒာ) သီချင်းတို့ဖြင့် မြူးကြွဝေဆာသော သီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ကြည့်ရှုအားပေးသူတို့၏ လက်ခုပ်သံများ ရတနာသဃ်ခန်းမအတွင်း လွှင့်ပျံ့ခဲ့သည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက မြန်မာ့အသံတေးဂီတအဖွဲ့နှင့်တွဲဖက်၍ "သီချင်းများပေါင်းစပ်တစ်ခန်းရပ်" တေးသရုပ်ဖော် အစီအစဉ်ဖြင့် စုပေါင်းသီဆိုဖျော်ဖြေကြပြီး နမ်းမှာလား၊ ပေါက်နေပြီ၊ ကော်ဖီခါးခါး၊ ကိုယ်ရံတော်၊ မာယာ၊ စပါကလင် အချစ်၊ ယုံပါ၊ ကိုကိုချစ်၊ ပေါင်ချိန်စက်၊ ဂျင်းပင်ပြာ၊ ကိုကြီးကိုကြီး၊ ညမွှေးပန်း၊ လတ်တီး စသည့် နာမည်ကြီး ခေတ်ပေါ်တေးသီချင်းများဖြင့် မြူးကြွစွာ သီဆိုဖျော်ဖြေကြရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် မိသားစုဝင်များ၊ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများ အထူးနှစ်ခြိုက် အားပေးကြကာ စိတ်လက်ပေါ့ပါးစွာဖြင့် တစ်ခဲနက် ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ၏ ပါမောက္ခချုပ်ဦးဇော်ဇော်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအဖွဲ့များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန် ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ မြဝတီရုပ်မြင်သံကြားမှ တေးသံရှင်များနှင့် မြန်မာနိုင်ငံဟာသ ပညာရှင်များအစည်းအရုံး(ဗဟို)မှ နာယကနှင့် ဒုဥက္ကဋ္ဌတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ကာရာအိုကေသီချင်းဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိခဲ့ကြသည့် သင်တန်းသား သင်တန်းသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။ အဆိုပါ ဖျော်ဖြေရေးအစီအစဉ်တွင် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို)မှ ဦးငြိမ်းချမ်းနှင့် ဦးအုန်းသီးတို့က အစီအစဉ်တင်ဆက်သူများအဖြစ် အားဖြည့်ပါဝင်ခဲ့ကြသည်။

**သတင်း - ညိမ်းသူ၊ မောင်သီဟ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**







❍ **ကျောဖုံးမှ**

အသင်းသည် ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဒဂုံစတားအသင်းသည် သိန်းသန်းဝင်း၊ ဇော်ရဲထွန်း၊ မောင်မောင်ဝင်း၊ မျိုးဇော်ဦးစသည့် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သလို Dagon Port အသင်းကလည်း မျိုးမင်းလတ် (ဂိုး)၊ ငြိမ်းချမ်း၊ တည်ငြိမ်မင်း၊ ချစ်အေးတို့ကို အသုံးပြုခဲ့သည်။ နှစ်သင်းစလုံး ခြေစွမ်းမကွာသဖြင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ဒဂုံစတားအသင်းက ၈၄ မိနစ်တွင် ဝေယံဖြိုး သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ကိုးမိနစ်တွင် နိုင်ဝင်းထွန်းက သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း မြဝတီအသင်းအတွက် ချေပဂိုးကို ၂၇ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အောင်သူက သွင်းယူခဲ့သည်။ တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ငွေကြယ်ပွင့်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် MNL-2 ကလပ် ငွေကြယ်ပွင့်အသင်းကို ဂိုးပြတ်သွင်းယူပြီး အနိုင်သုံးမှတ် ရယူနိုင်ခဲ့သည်။ ဟံသာဝတီအသင်းအတွက် ဂိုးများကို ၁၉ မိနစ်တွင် လားဒင်မောရ၊ ၃၂ မိနစ်တွင် နေမိုးနိုင်၊ ၄၃ မိနစ်တွင် ဟန်ဝင်းအောင်၊ ၄၅ မိနစ်တွင် စိုးကျော်ကျော်၊ ၅၁ မိနစ်တွင် ချစ်လှအောင်၊ ၅၅ မိနစ်တွင် အောင်မြတ်သူ၊ ၅၉ မိနစ်တွင် လတ်ဝေဘုန်းတို့က သွင်းယူပြီး ငွေကြယ်ပွင့်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၅၃ မိနစ်တွင် ကျော်ဖြိုးဦးက သွင်းယူသည်။ သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။

အုပ်စုဒုတိယနေ့ပွဲစဉ်များကို မတ် ၅၊ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

❖ **MFF မှ**

ပွဲစဉ် (၁၇)တွင် Dream Team အသင်းက Winner Soccer အသင်းကို သုံးဂိုး-နှစ်ဂိုး၊ MIU အသင်းက ဖူဆယ်ချစ်သူအသင်းကို ၁၃ ဂိုး-နှစ်ဂိုး၊ M2K အသင်းက လက်ဝဲသုန္ဒရအသင်းကို ကိုးဂိုး-ခြောက်ဂိုး၊ လင်းလက်အသင်းက Futsal-19 အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး VUC အသင်းနှင့် Generations အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ လက်ရှိချန်ပီယံ VUC အသင်း၏ နိုင်ပွဲဆက်မှုမှာ ၁၇ ပွဲမြောက်တွင် ရပ်တန့်ခဲ့ပြီး သရေကစားနိုင်သည့် Generations အသင်းသည် ချန်ပီယံဆုအတွက် Play-off ကစားခွင့်ရရန် သေချာခဲ့သည်။ ပွဲစဉ်(၁၇)အပြီးတွင် VUC အသင်းက ၄၉ မှတ်၊ MIU အသင်းက ၃၇ မှတ်၊ Generations အသင်းက ၃၃ မှတ်၊ Winner Soccer အသင်းက ၂၉ မှတ်၊ Dream Team အသင်းက ၂၁ မှတ်၊ M2K အသင်းက အမှတ် ၂၀၊ ဖူဆယ်ချစ်သူအသင်းက ၁၉ မှတ်၊ လင်းလက်အသင်းက ၁၇ မှတ်၊ Futsal-19 အသင်းက ၁၆ မှတ်၊ လက်ဝဲသုန္ဒရအသင်းက ခုနစ်မှတ် ရရှိထားသည်။

ဒုတိယအကျော့ပြီးဆုံးရန် လက်ကျန်တစ်ပွဲအလိုတွင် ချန်ပီယံဆုအတွက် Play-off ပြန်ကစားမည့် ထိပ်ဆုံးသုံးသင်းစလုံး အဖြေထွက်ပေါ်ခဲ့ပြီး VUC အသင်း၊ MIU အသင်းနှင့် Generations အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF**

# ကော်ဖီဥယျာဉ်ဝယ် လည်ကာပတ်ရင်း ကော်ဖီရနံ့နဲ့ အပန်းဖြေမယ်

**ရဲယံ**

ဆပ်သွားဖူးပင်များ အကြားရှိ သဘာဝရေထွက်များမှ စီးဆင်းလာသော ချောင်းရေက ကော်ဖီပင်များအကြား ဝေ့ကာဝိုက်ကာ စီးဆင်းသွားသည်။ ကော်ဖီပင်များ ကောင်းစွာရှင်သန်နိုင်ရန် ခါတော်မီပင်များက အုပ်မိုးပေးထားသည်။ ကော်ဖီများ စိုက်ပျိုးထားသည့် ဥယျာဉ်ခြံကြီးဖြစ်သော်လည်း ခြံအတွင်း အပြန်အလှန် အထောက်အကူပြုနေသည့် သဘာဝဝန်းကျင်ပါ ယှဉ်တွဲတည်ရှိနေသည်။ ဆပ်သွားဖူးပင်များကလည်း သဘာဝရေထွက်ကို ထိန်းသိမ်းပေးထားသည်။ သဘာဝရေထွက်မှရေများက ကော်ဖီပင်စိုက်ပျိုးရေးကို အထောက်အပံ့ပေးရုံသာမက ပွေးတောင်ကော်ဖီခြံနှင့် ထိစပ်နေသည့် လူနေဝန်းကျင်ကိုပါ သုံးရေ ရရှိစေသည်။




### ပြင်ဦးလွင်ကော်ဖီဥယျာဉ်

ထိုသို့ သဘာဝရေထွက်များ၊ ဆပ်သွားဖူးရုံကြီးများ၊ ကော်ဖီပင်များ၊ အရိပ်ရသစ်ပင်ပန်းမန်များဖြင့် လှပစွာ တည်ရှိနေသည့်အတွက် ပြင်ဦးလွင်မြို့မှ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်) ကို အများပြည်သူ လည်ပတ်အပန်းဖြေအနားယူရင်း ကော်ဖီအကြောင်း သိကောင်းစရာဗဟုသုတကို ရရှိစေရန် ရည်ရွယ်၍ ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) အဖြစ် ဖွင့်လှစ်ထားပြီးဖြစ်သည်။



ကော်ဖီဥယျာဉ် ဖြစ်သည့်အတွက် လာရောက်လည်ပတ်သူများ မြန်မာ့ကော်ဖီသမိုင်း၊ ကမ္ဘာ့ကော်ဖီသမိုင်းကို ကြည့်ရှုလေ့လာနိုင်မည့် Coffee Knowledge Center ကိုလည်း စီစဉ်ထားသည်။ ထို့ပြင် ကော်ဖီစိုက်ပျိုးမှုမှ စားသုံးသူလက်ဝယ်သို့ ရောက်ရှိသည့် အဆင့်အထိ (Farm to Cup) ထုတ်လုပ်မှုလုပ်ငန်းစဉ်များကိုလည်း ပြသထားသည်။

ကော်ဖီဥယျာဉ်အတွင်း လှပသည့် နားနေဆောင်များ၊ သဘာဝရေထွက်မှ စီးဆင်းနေသည့် ရေစီးကြောင်းအပေါ်ရှိ ဖြတ်ကူးတံတားလေးများ၊ ရွှံ့ညွန်တောလျှောက်တံတား၊ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ်သော သက်တမ်းရင့် ညောင်ထောက်ပင်အပါအဝင် ခြံအတွင်းရှိသဘာဝအလှအပများက လည်ပတ်သူများကို ထပ်ကာထပ်ကာလည်ပတ်ချင်အောင် ဆွဲဆောင်ထားနိုင်သည်။ ကော်ဖီဥယျာဉ်ဖြစ်သည့်အားလျော်စွာ အနံ့အရသာနှင့်ပြည့်စုံသည့် ဒေသထွက်ကော်ဖီသောက်သုံးရင်း ကော်ဖီချစ်သူများကို အပန်းပြေစေနိုင်မည့် ကော်ဖီဆိုင်များနှင့် ဒေသအစားအစာများကို မြည်းစမ်းနိုင်မည့် စားသောက်ဆိုင်များကိုလည်း ကော်ဖီဥယျာဉ်အတွင်း ဖွင့်လှစ်ပေးထားသည်။

"ပြင်ဦးလွင်မြို့ကို ရောက်တိုင်း လည်ပတ်သင့်တဲ့ နေရာလေးတစ်ခုပါ။ အခမဲ့ ဝင်ရောက်လည်ပတ်ခွင့်လည်း ပေးထားတဲ့အတွက် သဘာဝအရသာကို ငွေကုန်ကြေးကျမများဘဲ ခံစားနိုင်တယ်။ ကော်ဖီအကြောင်းလည်း လေ့လာနိုင်တယ်။ ဗဟုသုတလည်းရ၊ အပန်းလည်းပြေတာမို့ နောင်လည်း လာလည်ဖြစ်ဦးမှာပါ"ဟု ကျောက်ပန်းတောင်းမြို့မှ လာရောက်လည်ပတ်သည့် ဒေါ်စမ်းစမ်းအေးက ပြောသည်။

ပြင်ဦးလွင်ကော်ဖီဥယျာဉ်ကို နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ သတ်မှတ်ဖွင့်လှစ်ပြီး အခမဲ့ဝင်ရောက်လည်ပတ်လေ့လာခွင့်ပြုထားကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီ သီးနှံဌာနခွဲမှ သိရသည်။

"အများပြည်သူကို အခမဲ့ဝင်ရောက်လေ့လာလည်ပတ်ခွင့် ပေးထားတဲ့အတွက် တစ်ဖက်ကလည်း ခြံရဲ့သဘာဝအရင်းအမြစ်တွေ မပျက်စီးအောင် ထိန်းသိမ်းရပါတယ်။ ကျွန်တော်တို့ ဥယျာဉ်ကို ကြားရက်တွေဆို ခရီးသွား ၁၀၀ ဝန်းကျင်၊ အများပြည်သူ အလုပ်ပိတ်ရက်ဆို ၂၀၀ ဝန်းကျင် လာရောက်လည်ပတ်မှုရှိပါတယ်။ ဒီလိုလည်ပတ်သူတွေအကြား ကော်ဖီနဲ့ပတ်သက်တဲ့အသိပညာတွေ ပြန့်ပွားအောင်နဲ့ ပြင်ဦးလွင်မြို့ရဲ့အမှတ်သင်္ကေတ ကော်ဖီဖွံ့ဖြိုးမှုကို ဒီနေရာကနေတစ်ဆင့် ရရှိစေအောင် ကြိုးစားနေပါတယ်"ဟု ပြင်ဦးလွင်ကော်ဖီဥယျာဉ်မှ တာဝန်ခံ ဦးစီးအရာရှိ ဦးမင်းလွင်ဦးက ပြောသည်။

### ပွေးတောင်ကော်ဖီခြံအတွင်း၌ တည်ရှိ

ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးကားလမ်းမကြီးဘေး မိုင်တိုင်အမှတ် (၃၉)တွင် တည်ရှိပြီး ဧရိယာအားဖြင့် ၃၈၆ ဒသမ ၃ ဧကကျယ်ဝန်းသော ပွေးတောင်ကော်ဖီခြံအတွင်း၌ တည်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနက အကောင်ထည်ဖော်ဆောင်ရွက်ကာ ပြုစုထိန်းသိမ်းလျက်ရှိသည်။

ပြင်ဦးလွင်မြို့ကို ကော်ဖီမြို့တော်အဖြစ် ပိုမိုထင်ရှားစေရန်၊ မြန်မာ့ကော်ဖီအရည်အသွေး ပိုမိုမြင့်မားလာ၍ ထုတ်လုပ်မှုပမာဏ တိုးတက်လာပြီး ကမ္ဘာ့ဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရန် ရည်ရွယ်၍ ကော်ဖီဥယျာဉ်သည် ကော်ဖီမြို့တော် ပြင်ဦးလွင်၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ထို့ကြောင့် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံ ဌာနခွဲအနေဖြင့် ပြင်ဦးလွင်ကော်ဖီဥယျာဉ်ကို အခြေပြု၍ ကော်ဖီနှင့်ပတ်သက်သော အသိပညာများ ပိုမိုလွယ်ကူစွာပြန့်ပွားရေးနှင့် တစ်နေရာတည်းတွင် လွယ်ကူလျင်မြန်စွာရောင်းဝယ်ဖောက်ကားနိုင်သော ကော်ဖီဈေးကွက် တစ်ခု နေ့ောင်လာမည့်အနာဂတ်ကာလတွင် ပေါ်ပေါက်လာစေရန်အတွက် ရည်ရွယ်ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

ကော်ဖီ-ရာသီသီးနှံ ဌာနခွဲသည် စိုက်ပျိုးရေးထုတ်ကုန်များအား ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်နိုင်ရေးနှင့် စားသောက်ကုန်များတွင် ဓာတုဓာတ်ကြွင်းများ မကျန်ရှိစေရေးတို့အတွက် ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် သက်ဆိုင်သည့်သင်တန်းများကိုလည်း ပြင်ဦးလွင်ဒေသ ကော်ဖီစိုက်ပျိုးသူများကို စဉ်ဆက်မပြတ် ပို့ချပေးလျက်ရှိကြောင်း သိရသည်။

ကော်ဖီဥယျာဉ်တွင် မွှေးရနံ့နှင့် ပတ်သက်၍ ထူးခြားသော မြေနိမ့်ကော်ဖီမျိုးဖြစ်သည့် သက်တမ်းရင့် လိုက်ဘေးရီးယားကော်ဖီညီနောင်နှင့် ပြင်ဦးလွင်ဒေသတွင် စိုက်ပျိုးနိုင်သော ကော်ဖီမျိုး ၁၀ မျိုး၏ မျိုးအလိုက် မျိုးထိန်းစိုက်ကွက်များ တည်ထောင်ခြင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာပေးသင်တန်းများ၊ မျိုးစေ့ပျိုးပင် ပျိုးထောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း ကော်ဖီဥယျာဉ်အတွင်း စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

### ခရီးသွားတွေကို အများကြီးဆွဲဆောင်

"အဓိကတော့ ပြင်ဦးလွင်ဒေသထွက်ကော်ဖီအကြောင်းကို အများပြည်သူတွေကို သိရှိလေ့လာစေချင်တယ်။ ပြီးတော့ ကော်ဖီစိုက်ပျိုးရေးကို အခြေပြုတဲ့ ခရီးသွားလုပ်ငန်းကိုလည်း အထောက်အပံ့ဖြစ်စေချင်တယ်။ ဒီနေရာမှာ ပြင်ဦးလွင်မြို့ဆိုတာ အပန်းဖြေမြို့လို့ လူတိုင်းသိပြီးဖြစ်တယ်။ ဒီဒေသမှာ စိုက်ပျိုးတဲ့ကော်ဖီကလည်း အရည်အသွေးကောင်းလို့ထင်ရှားတယ်။ ဒေသရဲ့သဘာဝရေမြေရာသီဥတုကလည်း သာယာတယ်။ ဒီအချက်တွေက ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေကို အများကြီးဆွဲဆောင်နိုင်တယ်။ ဒီအရာတွေအားလုံးက ပွေးတောင်ကော်ဖီခြံမှာရှိနေပြီးဖြစ်လို့ ကော်ဖီဥယျာဉ်အဖြစ် ဌာနအနေနဲ့ ထူထောင်ဖွင့်လှစ်တာဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံ ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောကြားသည်။

စာမျက်နှာ ၁၁ သို့ ❖

**"ကော်ဖီဥယျာဉ်အတွင်း လှပသည့်နားနေဆောင်များ၊ သဘာဝရေထွက်မှ စီးဆင်းနေသည့် ရေစီးကြောင်းအပေါ်ရှိ ဖြတ်ကူးတံတားလေးများ၊ ရွှံ့ညွန်တောလျှောက်တံတား၊ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ်သော သက်တမ်းရင့် ညောင်ထောက်ပင်အပါအဝင် ခြံအတွင်းရှိ သဘာဝအလှအပများက လည်ပတ်သူများကို ထပ်ကာထပ်ကာ လည်ပတ်ချင်အောင် ဆွဲဆောင်ထားနိုင်သည်။ ကော်ဖီဥယျာဉ်ဖြစ်သည့်အားလျော်စွာ အနံ့အရသာနှင့်ပြည့်စုံသည့် ဒေသထွက်ကော်ဖီ သောက်သုံးရင်း ကော်ဖီချစ်သူများကို အပန်းပြေစေနိုင်မည့် ကော်ဖီဆိုင်များနှင့် ဒေသအစားအစာများကို မြည်းစမ်းနိုင်မည့် စားသောက်ဆိုင်များကိုလည်း ကော်ဖီဥယျာဉ်အတွင်း ဖွင့်လှစ်ပေးထား"**

# ပိဋကတ်သုံးပုံမြန်မာပြန်စာမေးပွဲ စာအောင်သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား နဝမအကြိမ်မြောက် ဂုဏ်ပြုပူဇော်

ရန်ကုန် မတ် ၂

ပိဋကတ္တယမာမက အသင်းက ကြီးမှူးကျင်းပသည့် ပိဋကတ်သုံးပုံ ပါဠိတော်မြန်မာဘာသာပြန်စာမေးပွဲ၌ ကျမ်းပြီးအောင်မြင်ကြသည့် သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား နဝမအကြိမ်မြောက် ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေး ဘုရားလမ်းနှင့် ကြားတောရလမ်းထောင့်ရှိ ရွှေကျင်နိကာယ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိ ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရန်ကုန်မြို့ စိန်ရတနာဓမ္မာစရိယ စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသာသနဝရက ပိဋကတ်သုံးပုံ မြန်မာပြန်စာမေးပွဲနှင့် We Love Dhamma Foundation ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းတင်ပြလျှောက်ထားသည်။

ယင်းနောက် We Love Dhamma Foundation အတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ We Love Dhamma Foundation နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အထွေထွေ အတွင်းရေးမှူးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင် မသော်တာဝင်းက ပိဋကတ်သုံးပုံမြန်မာပြန်စာမေးပွဲ (ရန်ကုန်စာဖြေဌာန)မှ စာအောင်သံဃာတော် ၆၄ ပါးတို့အား တစ်ပါးလျှင် တစ်သိန်းတန်ပစ္စည်းလေးပါးကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပိဋကတ်သုံးပုံမြန်မာပြန်စာမေးပွဲ (ရန်ကုန်စာဖြေဌာန) အထူးအောင်ပုဂ္ဂိုလ်သုံးပါးတို့အား We Love Dhamma Foundation ဩဝါဒါစရိယ ဆရာတော်များက အထူးအောင်ဂုဏ်ပြုလွှာများကို ပေးအပ်ပြီး ပိဋကတ်သုံးပုံမြန်မာပြန်စာမေးပွဲ (ပဲခူး၊ မန္တလေး၊ မုံရွာ၊ မြစ်ကြီးနား)စာဖြေဌာနများမှ စာအောင်သံဃာတော် ၁၇၇ ပါးတို့အတွက် ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများကို We Love Dhamma Foundation ဒုတိယဥက္ကဋ္ဌ ဦးသန်းဦးက ဆက်ကပ်လှူဒါန်းရာ သံဃာတော်များကိုယ်စား အရှင်ဇနိတာလင်္ကာရာဘိဝံသက လက်ခံရယူတော်မူသည်။



ထို့နောက် (၁၁) ပါးမြောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရမ္မာဝတီ ရခိုင်ဆရာတော် ဘဒ္ဒန္တကုလန္ဒပါလထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားနာယူကြပြီး ရေစက်ချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

ကိုထက်



# မှော်ဘီမြို့နယ်၌ စူဠဘွဲ့နှင်းသဘင် စာအောင်ဆုပေးပွဲအခမ်းအနား ကျင်းပ

မှော်ဘီ မတ် ၂

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြို့နယ်သံဃနာယကအဖွဲ့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော မြို့နယ်လုံးဆိုင်ရာ အစိုးရဓမ္မာစရိယတန်း၊ နိကာယ်တန်း၊ ပထမပြန်တန်းနှင့် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်ယဉ်ကျေးမှုစာမေးပွဲတို့ကို ဖြေဆိုအောင်မြင်ကြသော သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ လူပုဂ္ဂိုလ်များအား ဂုဏ်ပြုဆုနှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီက မှော်ဘီမြို့ ဓမ္မာရုံကျောင်း၌ ကျင်းပသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ခြင်း၊ မင်္ဂလာရွှေစောင်းတော်အဖွဲ့နှင့်တွဲဖက်၍ ဗုဒ္ဓရောင်ခြည်တော်ဖွင့်ဖြင့် သီကျူးပူဇော်ခြင်း၊ မင်္ဂလာဒုံမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က သာသနာ့ရေးဆိုင်ရာများ လျှောက်ထားခြင်း၊ တေးသံရှင် ယဉ်မွန်က မင်္ဂလာရတုပိုဒ်ရွတ်ဆိုပူဇော်ခြင်းတို့ ပြုလုပ်သည်။

ဆုပေးပွဲအခမ်းအနားတွင် သာသနဓဇဓမ္မာစရိယဘွဲ့ရ ၁၄ ပါး၊ ဝိနယဝိဒူဘွဲ့ရ ၂၆ ပါး၊ ဒီဃနိကာယဝိဒူဘွဲ့ရနှစ်ပါး၊ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့ရ ငါးပါး၊ အဘိဓမ္မာဝိဒူယဘွဲ့ရနှစ်ပါး၊ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်သူ ၄၇ ဦး၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်)အောင်မြင်သူ ၁၃ ဦးနှင့် ဝိသုဒ္ဓိမဂ်အောင် ၂၅ ပါး၊ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်းအောင်စုစုပေါင်း ဆရာတော်၊ သံဃာတော် ၃၆၉ ပါး၊ ယဉ်ကျေးမှုအောင် ၃၈၀၊ သီလရှင်များအပြင် လူပိုင်းဆိုင်ရာ အဘိဓမ္မာစာမေးပွဲ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် အောင်မြင်သူများ၊ အဘိဓမ္မာ(ရိုးရိုး)၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ်အောင်မြင်သူများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု အဖြေဌာနအလိုက် အောင်မြင်သူများအား အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများ ဆပ်ကပ်ချီးမြှင့်သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဝင်းစိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး ရုပ်သိမ်းကာ ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)

# တိုင်းဒေသကြီးအဆင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု ဆွေးနွေးပွဲကျင်းပ

ပုသိမ် မတ် ၂

တိုင်းဒေသကြီးအဆင့် ၂၀၂၃ ခုနှစ်အတွင်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း နှစ်ပတ်လည် လုပ်ငန်းဆန်းစစ်ပွဲ “Regional Level EPI Annual Review Meeting (2023)” နှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု ဆန်းစစ်ပွဲ “HPV Vaccination Review Meeting” ကို မတ် ၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်ကြသည့် ခရိုင်/ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ တိုးချဲ့ကာကွယ်ဆေးထိုး တာဝန်ခံများက ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော ပုံမှန်ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကာကွယ်ဆေးလွှမ်းခြုံနိုင်မှု အခြေအနေ၊ အားနည်းချက်၊ အားသာချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။ ဆွေးနွေးပွဲကို မတ် ၃ ရက်အထိ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဓနုဖြူမြို့နယ်၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းပွဲအခမ်းအနား ကျင်းပ

ဓနုဖြူ မတ် ၂

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထိုင်းနိုင်ငံ လူထုဖွံ့ဖြိုးရေးဦးစီးဌာန၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ထောက်ပံ့ရန်ပုံငွေဖြင့် ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာအုပ်စု ရိုးကြီးကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ဒေသရှိ အခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို မတ် ၁ ရက်နံနက် ၉နာရီက ရိုးကြီးကျေးရွာရှိ ရွှေဘုံသာဓမ္မရိပ်သာကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇောဟိန်းက စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရိုန်က စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



❖ စာမျက်နှာ ၁၀ မှ

ပြင်ဦးလွင်မြို့တွင် ကော်ဖီအပန်းဖြေဥယျာဉ် (Pyin Oo Lwin Coffee Park) တည်ရှိနေသည့်အတွက် မြန်မာ့ကော်ဖီသမိုင်း၊ ကမ္ဘာ့ကော်ဖီသမိုင်း၊ ပြည်သူများ မသိရှိသေးသော ကော်ဖီသီးနှံ၏ သဘောသဘာဝများ၊ သတင်းအချက်အလက်များကို အခြေခံ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကော်ဖီထွက်ကုန်များကို ဈေးနှုန်းမှန်ကန်၊ မြန်ဆန်စွာဖြင့် တစ်နေရာတည်းတွင် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ “ပြင်ဦးလွင်ဒေသဟာ ကော်ဖီစိုက်ပျိုးမှုများတယ်။ ဒါကြောင့် ကော်ဖီနဲ့ပတ်သက်တဲ့အရာတွေ ဒီမှာပိုပြီးဖွံ့ဖြိုးမှုရစေချင်တယ်။ အခုလို ကော်ဖီနဲ့ ပတ်သက်တာတွေကို ဥယျာဉ်မှာလည်ပတ်ရင်း အများပြည်သူကြားမှာ ပျံ့နှံ့စေဖို့ ဆောင်ရွက်တာဟာ ကောင်းတဲ့ အစီအစဉ်လေးတစ်ခုပါ။ ပြီးတော့ ကော်ဖီဈေးကွက်ပါ ရရှိစေဖို့ ရည်ရွယ် ဆောင်ရွက်ပေးနေတဲ့အတွက် ဒေသတွင်းရှိ ကော်ဖီစိုက်တောင်သူတွေအတွက် အခွင့်အလမ်းတွေ ပိုပြီးပွင့်လာမှာပါ”ဟု ပြင်ဦးလွင်မြို့မှ ကော်ဖီစိုက်ပျိုးသူ ဦးအောင်ကိုက ပြောသည်။

ပြင်ဦးလွင်မြို့သည် မြို့၏သဘာဝအလှအပနှင့် အေးချမ်းသည့်ရာသီဥတုကြောင့် ခရီးသွားမြို့တော်တစ်ခုအဖြစ် ခရီးသွားများအကြား ထင်ရှားပြီးဖြစ်သည်။ သို့ဖြစ်ရာ ခရီးသွားမြို့တော် ပြင်ဦးလွင်သို့ ရောက်လေတိုင်း ကော်ဖီရနံ့ဖြင့် အပန်းဖြေနိုင်ရန်၊ ကော်ဖီနှင့်ပတ်သက်သော သတင်းအချက်အလက်များ လေ့လာနိုင်ရန်အတွက် ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) သို့ တစ်ခေါက်တစ်ခါ သွားရောက်လည်ပတ်သင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

■

# မြေအောက်လမ်းကူး လူသွားဥမင် တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး



ရန်ကုန် မတ် ၂

ဒဂုံမြို့နယ် ဦးဝိစာရလမ်း ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင်ပန်းခြံကြား မြေအောက်လမ်းကူး လူသွားဥမင်(Underpass) တစ်ခု တည်ဆောက်လျက်ရှိရာ အဆိုပါလုပ်ငန်းခွင်သို့မတ် ၁ ရက် ည ၈ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် လုပ်ငန်းအား အပိုင်း သုံးပိုင်းခွဲ၍ဆောင်ရွက်လျက်ရှိရာ အပိုင်း(၁) လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် အပိုင်း(၂)နှင့် အပိုင်း(၃) တို့အား ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်)ဦးဗိုလ်ဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြေအောက်လမ်းကူးလူသွားဥမင်သည် ၂၃ ပေ အကျယ်ရှိ မြေအောက်လမ်းကူး လူသွားဥမင် သီးသန့်ဖြစ်ပြီး တစ်နာရီလျှင် လူဦးရေ ၁၄၀၀၀ ဖြတ်သန်းသွားလာနိုင်ပြီး ရွေ့လျားစက်လှေကား လေးစင်း၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ အသုံးပြုရန် ဓာတ်လှေကား ၁၀ ယောက်စီး နှစ်စင်း ပါရှိပြီး စီမံကိန်းခန့်မှန်းလျာထားကာလမှာ ၁၄ လခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် မတ် ၂

မန္တလေး တိုင်းဒေသကြီး ချမ်းအေးသာစံ မြို့နယ် ကန်ကောက်ရပ်ကွက် ဆူးဖြူ သာသနာ့ရိပ်သာကျောင်းတိုက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါ ကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၈၆ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၂၇ ပါးနှင့် ဒေသခံပြည်သူ ၅၉ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဇမ္ဗူသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာများ ကျေးရွာများအရောက် ကွင်းဆင်းဟောပြော

နေပြည်တော် မတ် ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများကို ပြည်သူများသိရှိစေရန် ကျေးရွာများအရောက် ကွင်းဆင်း၍ အသိပညာပေး ဟောပြောခြင်းကို ယနေ့မွန်းလွဲပိုင်းက တဲကြီးကုန်းကျေးရွာအုပ်စု ရှားတောကျေးရွာ SMU ခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းဟောပြော

ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် တာဝန်ရှိသူတို့က ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းစနစ်ကို ကျင့်သုံးရခြင်း၏ အကြောင်းအရင်းများ၊ အကျိုးခံစားခွင့်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန် အချိန်ကာလ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ သတင်းတု၊ သတင်းမှားများနှင့် ကောလာဟလများ မယုံကြည်ကြရန်နှင့် မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်လူရွယ်များဖြစ်စေရေး စာပေဗဟုသုတများ ဖတ်ရှုစေရေး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ချက်များအား ရှင်းလင်းဟောပြောပြီး တက်ရောက်လာသည့် ပြည်သူများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားပေးကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသည့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကား၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**



# ယင်းမာပင်မြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကားဖြန့်ဝေ



ယင်းမာပင် မတ် ၂

စစ်ကိုင်းတိုင်း ဒေသကြီး ယင်းမာပင်မြို့တွင် ဌာနဆိုင်ရာဝန်ထမ်းများအား ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ဝင်းခိုင်ထွန်းက ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာများကို Power Point ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲသို့ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ သတင်းစကား၊ လက်ကမ်း စာစောင်များကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# သပိတ်ကျင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

သပိတ်ကျင်း မတ် ၂

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့တွင် ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ ခရိုင်အဆင့် အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က သပိတ်ကျင်းမြို့ ဆိပ်ကမ်းရပ်ကွက် ရွှေဝါဝင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သပိတ်ကျင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်တင့်က ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် ပတ်သက်၍ ပုဒ်မတစ်ခုချင်းစီအလိုက် အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းမှုကို ခရိုင်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲသို့သပိတ်ကျင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# လစ်ဗျားနိုင်ငံနှင့် တူကီယဲနိုင်ငံတို့ စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ထရီပိုလီ မတ် ၂

လစ်ဗျားနိုင်ငံဝန်ကြီးချုပ် အဗ္ဗဒူလ်ဟာမက်ဒီဘီဘာနှင့် တူကီယဲနိုင်ငံကာကွယ်ရေးဝန်ကြီး ယာဆာဂူလာတို့သည် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် စစ်ရေးလေ့ကျင့်ရေးများ မြှင့်တင်ရန်အတွက် မတ် ၁ ရက်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း လစ်ဗျားအစိုးရက၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တူကီယဲနိုင်ငံတွင် လက်မှတ်ရေးထိုးခဲ့သည့် အဆိုပါသဘောတူညီချက်သည် စစ်ဘက်ဆိုင်ရာနယ်ပယ်များအပါအဝင် လစ်ဗျားစစ်တပ်၏ လေ့ကျင့်ရေး အစီအစဉ်များမှတစ်ဆင့် တပ်ဖွဲ့များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တူကီယဲနိုင်ငံကာကွယ်ရေးဝန်ကြီး ယာဆာဂူလာသည် လစ်ဗျားနိုင်ငံနှင့် စစ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ချီးကျူးစကားပြောကြားခဲ့ပြီး ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်လုပ်ဆောင်ရန် အရေးကြီးကြောင်း ကြေညာချက်တွင် ထည့်သွင်းပြောကြားခဲ့သည်။

လစ်ဗျားနိုင်ငံဝန်ကြီးချုပ် အဗ္ဗဒူလ်ဟာမက်ဒီဘီဘာက လစ်ဗျားနိုင်ငံစစ်တပ်၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်အတွက် နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များအကောင်အထည်ဖော်ရေးသည် အရေးကြီးကြောင်း ကြေညာချက်တွင် ပြောကြားထားသည်။

တူကီယဲနိုင်ငံနှင့် လစ်ဗျားနိုင်ငံတို့သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ကာကွယ်ရေးဆိုင်ရာသဘောတူစာချုပ် နှစ်ခုကို လက်မှတ်ရေးထိုးခဲ့ပြီး တူကီယဲလက်နက်ကိုင်တပ်ဖွဲ့များသည် လစ်ဗျားစစ်လေယာဉ်မှူးများကို လေ့ကျင့်သင်ကြားပေးကာလက်ရှိစစ်ဘက်ဆက်ဆံရေးကို မြှင့်တင်ပေးမည်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်





# ရုရှားနိုင်ငံက နျူကလီးယားထိပ်ဖူးတင်ဆောင်နိုင်သည့် တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစား Yars ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

မော်စကို မတ် ၂

ရုရှားနိုင်ငံက နျူကလီးယားထိပ်ဖူးတင်ဆောင်နိုင်သည့်တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစား Yars ကို ယမန်နေ့က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်ချင်းပစ်ဒုံးကျည်ကို ရုရှားနိုင်ငံမြောက်ပိုင်းရှိ ဒုံးကျည်လွှတ်တင်ရေးစင်တာမှ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက မတ် ၁ ရက်တွင် ကြေညာသည်။

Yars သည် နျူကလီးယားထိပ်ဖူးများစွာကို သယ်ဆောင်နိုင်ကြောင်းလည်း ၎င်းက ဆိုသည်။

အဆိုပါ ဒုံးကျည်သည် ကမ်ချတ်ကာ ကျွန်းဆွယ်ရှိ ၎င်း၏ပစ်မှတ်များကို တိကျစွာထိမှန်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

Yars ဒုံးကျည်သည် ကီလိုမီတာ ၁၀၀၀၀ ကျော်အထိ ရောက်ရှိနိုင်ကြောင်းနှင့် ရုရှားနိုင်ငံ၏ နျူကလီးယားတပ်ဖွဲ့တွင် အဓိကအားထားရသည့် ဒုံးကျည်အမျိုးအစားတစ်ခုဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ မဟာဗျူဟာမြောက် နျူကလီးယားတပ်ဖွဲ့များသည် နိုးကြားမှုအပြည့်ရှိပြီး ၎င်းတို့၏ စွမ်းပကားမှာ အလွန်ပင်ကောင်းမွန်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

ရုရှားအစိုးရသည် ယူကရိန်းနိုင်ငံအပေါ် အနောက်နိုင်ငံများ၏ ထောက်ခံမှုကို အားနည်းသွားစေရန်အတွက် နျူကလီးယား ခြိမ်းခြောက်မှုများကို မကြာခဏ ပြုလုပ်လေ့ရှိသည်ဟု နိုင်ငံရေးသုံးသပ်လေ့လာသူများက ဆိုသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်

# ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းသေဆုံးသူ ၃၀၃၂၀ ရှိလာ

ဂါဇာ မတ် ၂

ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းသေဆုံးသူဦးရေသည် မတ် ၂ ရက်အထိကာလအတွင်း ၃၀၃၂၀ အထိ ရှိလာခဲ့ကြောင်း ဟားမတ်စ်အဖွဲ့၏ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့သည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးစစ်ဘက်၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၉၂ ဦး သေဆုံးကာ ၁၅၆ ဦး ဒဏ်ရာရရှိခဲ့ပြီး အစ္စရေးနှင့် ဟားမတ်စ်တို့ ပဋိပက္ခဖြစ်ပွားခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှစတင်ကာ လက်ရှိအချိန်အထိ ပါလက်စတိုင်း သေဆုံးသူစုစုပေါင်း ၃၀၃၂၀ နှင့် ဒဏ်ရာရရှိသူ ၇၁၅၃၃ ဦးရှိလာကြောင်း သိရသည်။

ဂါဇာစီးတီးရှိအယ်လ်ဆေတွန်၊ တယ်လ်အယ်လ်ဟာဝါ၊ အယ်လ်ဆာဘရာနှင့် အယ်လ်ဒါရက် ရပ်ကွက်များအား အစ္စရေးစစ်ဘက်က လေကြောင်းတိုက်ခိုက်မှုအတွင်း လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

မြောက်ပိုင်းဂါဇန်မြို့၌ ဟင်းသီးဟင်းရွက်များ ဆွတ်ခူးနေသည့် လူတစ်စုကို အစ္စရေးက အမြောက်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ သုံးဦးသေဆုံးကာ ခုနစ်ဦး ဒဏ်ရာရခဲ့ကြောင်း မျက်မြင်သက်သေများ၏ ပြောကြားချက်အရ သိရသည်။

ဟားမတ်စ်တို့၏ တိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံသား ၁၂၀၀ သေဆုံးခဲ့ပြီးနောက် အစ္စရေးနိုင်ငံသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှ စတင်ကာ ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့ ကို ပြင်းပြင်းထန်ထန် ထိုးစစ်ဆင် တိုက်ခိုက်နေခြင်းဖြစ်သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်






# ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာ၌ အထပ်မြင့်အဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွား၊ ၄၆ ဦး သေဆုံး

ဒါကာ မတ် ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာ၌ အထပ်မြင့်အဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ၄၆ ဦး ရှိပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ဖေဖော်ဝါရီ ၂၉ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီခန့်တွင် အဆိုပါ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

ယင်းအဆောက်အအုံအတွင်း၌ စားသောက်ဆိုင်အများစုနှင့် ဈေးဆိုင်အများအပြားရှိပြီး မီးလောင်မှုဖြစ်ပွားချိန်တွင် စားသောက်သူများနှင့် ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မီးလောင်မှုသည် မြေညီထပ်မှစတင်ကာ အဆောက်အအုံကို လျင်မြန်စွာ လောင်ကျွမ်းသွားကြောင်း ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။

မီးသတ်သမားများသည် အခင်းဖြစ်ပွားရာနေရာသို့ အလျင်အမြန်သွားရောက်ငြှိမ်းသတ်ခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး နှစ်နာရီခန့်အတွင်း မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကိုထိန်းချုပ်နိုင်ခဲ့ပြီးနောက် မီးသတ်သမားများက အိမ်ခေါင်မိုးပေါ်ရှိသူများကို လာရောက်ကယ်ဆယ်ခဲ့ကြောင်း သိရသည်။

ကာဗွန်မိုနောက်ဆိုဒ် ရှူရှိုက်မိခြင်းကြောင့် ၄၆ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပြောကြားသည်။ မီးလောင်ဒဏ်ရာရရှိသူအချို့မှာ ဆေးကုသမှုခံယူနေရသော်လည်း အသက်အန္တရာယ်မစိုးရိမ်ရကြောင်း ၎င်းတို့က ဆိုသည်။

မီးလောင်ရသည့် အကြောင်းရင်းကို ဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းထားကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစား ကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Polyester 3D Air Mesh ခေါင်းအုံး ၆၀၅ ဒသမ ၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၈၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၉ ရက်တွင် ရွာသာကြီး Dry Port ၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီး



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lactasoy ပဲနို့ဘူး ၁၅၀၀၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ မတ် ၁ ရက်တွင် တွံတေးမြို့နယ် တံတွေး-လှိုင်သာယာကားလမ်း တမာတကောကျေးရွာ အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၂၉ ဒသမ ၂၁၃ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၈၂၀၁၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Dyna တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၉၆၈၂၀၁၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် တန် ၂ ဒသမ ၁၆၀၊ အခြားသစ် ၆ ဒသမ ၅၂၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၉၇၈၃၆ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာ ဘားအံမြို့ ကမော့ကစင်ကျေးရွာ အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Lactasoy ပဲနို့ဘူး ၇၈၀၀၊ Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၁၇၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yar Zar Min Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၂၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၉ ရက်၊ မတ် ၁ ရက်နှင့် ၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၁၀၂၇၈၄၆ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ကော့သောင်းနှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက် ညနေ ၄ နာရီတွင် ကော့သောင်းမြို့နယ် ၁၀ မိုင်ကျေးရွာအုပ်စု ၉မိုင်ကျေးရွာ ဗိုလ်ချုပ်လမ်းနေ ကျော်မင်းဦး(ခ)ညီမင်းဦး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ ကိုလည်းကောင်း၊ ထိုနေ့ မွန်းတည့် ၁၂ နာရီတွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ် တိုးဂိတ်အနီး၌ ကျော်စိုးမိုး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား


ကျော်စိုးမိုးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၃-၂၀၂၄ တနင်္ဂနွေနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၁၅ ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၂၂)
- ၀၉:၃၅ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၁၀ တောင်သူလယ်သမားနေ့ဂုဏ်ပြုအစီအစဉ် 'ကျေးလက်ရနံ့' တေးဂီတပျော်ပွဲ (ပွဲစဉ်-၃)
- ၁၂:၃၅ This Week's Special Interest
- ၁၃:၀၀ အသိပညာနှင့်အမှန်တရား
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'ကြယ်နှင့်အတူ' (အပိုင်း-၅၊ ၆)
- ၁၆:၃၅ Sports Diary
- ၁၇:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၁၀ Economic Review
- ၁၇:၃၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ) (တတိယပိုင်း)
- ၁၈:၃၅ ဘယ်သူမှန်လဲ အပြိုင်ကြဲ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'သုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၃၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'ရုပ်ရှင်သရုပ်ဆောင်မုလဲ' (အပိုင်း-၂)
- ၂၁:၂၅ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုရုပ်ရှင် (ဆေးရောင်စုံရုပ်ရှင်) 'ပြည်ထောင်စုသစ္စာ' (ကျော်ရဲအောင်၊ ဝေဠုကျော်၊ စိုးမြတ်သူဇာ)

**mitv**

- 07:01 Evergreen Classic: Suvanna Sama (Hnin Yee Thant)
- 07:11 Finding Ways for Coexistence between People and Elephants
- 07:25 Skilled Performance of Traditional Myanmar Colored Glass Ball
- 07:40 Myanmar Masterclass: Artist Shwe Yoe Yar
- 07:52 World Wildlife Day
- 08:01 News
- 08:28 Paper Flower
- 08:33 Life of Sea Urchin Diver
- 08:45 ASEAn - We are One
- 09:01 Exploring Migratory Birds at Moe Yun Gyi Sanctuary
- 09:43 Today Myanmar: The Handicraft Businesses in Myinkaba Village
- 09:51 Chaung Tha Souvenir Business
- 10:28 Thatbyinnyu Temple

**MRTV NRC**

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
သျှစ်သောင်းပုထိုးတော်ကြီး

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
စံကားမြို့ဟောင်းနှင့်ဖယ်ခုံအင်းအလှ

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
ပြောင်းဖူးဟင်းရည်ပြုလုပ်နည်း

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ကချင်ချောင်းသာသို့ အလည်တစ်ခေါက်

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားတိုင်းရင်းသားများရဲ့နှာမည်မှည့်ခေါ်ခြင်း

**ပအိုဝ်း၊ ကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၄)

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
အကြေပုဂံ လို့တင်စားခေါ်ဝေါ်တဲ့ မြောင်းမြမြို့ဟောင်း

**အရှေ့ပိုးကရင် (၁၈ :၀၀ မှ ၁၉:၀၀)**
မွန်မြတ်သဒ္ဒါကျောက်ကာလပ်စေတီသာ

**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
အုံ့ပွယ်အစွမ်းထက် ချဉ်ပေါင်

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
ကောက်ရိုးမှိုစိုက်ပျိုးခြင်း

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
နဂါးမောက်သီးရဲ့အကျိုးကျေးဇူး

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၈:၄၅ ၂၀၂၄ ခုနှစ် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၄၅ Next Level
- ၁၂:၁၅ စူးစမ်းရှာဖွေ ရေးဟောင်းအမွေ
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၄၅ News Desk

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ဖြူဝင်သောစိတ်ထား'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၃)

**MRTV FARMERS' / HV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ လယ်ယာစီးပွားလုပ်ငန်းရှင်အဖြစ်ကြိုးစားဖို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကိုရွေးချယ်စို့
- ၀၆:၅၀ မြန်မာ့အမွေ၊ ကမ္ဘာ့အမွေထိန်းသိမ်းရမည့် အင်းလေးကန်ဇီဝအဝန်းနယ်မြေ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ မကြေပါနဲ့ဆာကူရာ(ဇာတ်လမ်း)
- ၁၈:၀၀ Dream Girl 2023 (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Weekly Sports Info
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၅ Weekend News

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးဖြစ်သည့် ဟုမ္မလင်းခေါင်ခမ်း လက်ဖက်လုပ်ငန်း

ဒေါက်တာတင်မာမာဦး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြောင်းလဲနေသောခေတ်စနစ်နှင့်အညီ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစသည့်ကဏ္ဍများ၏ တိုးတက်ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် ပုဂ္ဂလိကစီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

**MSME လုပ်ငန်းများကို အားပေးဆောင်ရွက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်သုံးရပ်အနက် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”**နှင့် **“ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး”** ဦးတည်ချက်များနှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်လျက်ရှိပြီး တစ်ဖက်တွင်လည်း One Region One Product အရ ဒေသ၏နာမည်ကြီးထုတ်ကုန်များကို ထုပ်ပိုးမှုမှအစ ကုန်ပစ္စည်းအရည်အသွေးတိုးတက်ကောင်းမွန်စေရေးနှင့် ဈေးကွက်ကျယ်ပြန့်စွာဖြန့်ဖြူးရောင်းချနိုင်ရေး အဘက်ဘက်မှပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်သည် မြန်မာနိုင်ငံ၏ မြောက်ပိုင်းတွင်တည်ရှိ၍ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် တည်ရှိပါသည်။

ဟုမ္မလင်းမြို့နယ်တွင် ကျေးရွာအုပ်စု ၇၈ အုပ်စုနှင့် ရပ်ကွက် ၁၁ ခု ရှိပြီး လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ကျေးလက်နေတောင်သူလယ်သမားများဖြစ်ကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အဓိကလုပ်ကိုင်အသက်မွေးကြသည်။

ဟုမ္မလင်းမြို့နယ်တွင် ရှေးနှစ်ပေါင်းများစွာကတည်းက လက်ဖက်စိုက်ပျိုးခဲ့ကြပြီး ဟုမ္မလင်းမြို့၏ အထက်ပိုင်းရှိ ချင်းတွင်းမြစ်ကမ်း ဝဲ/ယာ ထမံသီ၊ မိုင်းဝယ်၊ နောင်ပင်၊ အုန်းဘက်၊ နောင်ရင်း၊ မိုင်းတောင်း၊ တဇုန်း၊ မောင်းခမ်း၊ ပေပင်၊ ပုတ်သို၊ ကောယား၊ ထိန်ကင်း၊ ခေါင်ခမ်းကျေးရွာအုပ်စုများတွင် နေထိုင်ကြသော ရှမ်းနီတိုင်းရင်းသားများသည် လက်ဖက်အများဆုံး စိုက်ပျိုးကြပြီး ကျေးရွာအုပ်စုများ၏ ကုန်းမြင့်ဧရိယာများတွင် စိုက်ပျိုးကြသည်။ အထက်ချင်းတွင်းမြစ်ရိုးတစ်လျှောက်မှ လက်ဖက်စိုက်ပျိုးထုတ်လုပ်ခြင်းကိုအစွဲပြု၍ ဟုမ္မလင်းလက်ဖက်ကို ချင်းတွင်းလက်ဖက်၊ အညာလက်ဖက်ဟုလည်း ခေါ်တွင်ကြသည်။




စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ခေါင်ခမ်းလက်ဖက်ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။

ရှေးယခင်အဆက်ဆက်မှ ယနေ့အချိန်အထိ အလှူမင်္ဂလာပွဲများ၊ ရိုးရာပွဲများနှင့် လူမျိုးစုများ၏ ဓလေ့ထုံးစံ ယဉ်ကျေးမှုရိုးရာပွဲများတွင် လက်ဖက် (သို့မဟုတ်)လက်ဖက်သုတ်သည် အရေးပါသောခဲဖွယ်တစ်ခုဖြစ်ရုံမက လွှတ်ရုံးများ၏ အဆုံးအဖြတ်၌ပင် လက်ဖက်စား၍ အမှုပြေငြိမ်းခြင်း၊ အမှုပြတ်ကင်းခြင်းတို့ကို ပြုလုပ်လေ့ရှိခဲ့ကြကြောင်း သိရှိရသည်။

**ထီးသုံးနန်းသုံးစားတော်ကုန်**

ရတနာပုံခေတ် မန္တလေးမင်းနေပြည်တော်ကို ထီးနန်းစိုးစံခဲ့သော မြန်မာဘုရင်များလက်ထက်တွင် လက်ဖက်ကို ထီးသုံးနန်းသုံးစားတော်ကုန်အဖြစ် သတ်မှတ်ခဲ့ပြီး အရှည် နှစ်တောင်၊ အကျယ် လက်လေးသစ်ခန့်ရှိသော လက်ဖက်ကျည်တောက်များကို အခွန်တော်အဖြစ်ဆက်သခဲ့ကြရာ ဟုမ္မလင်းမြို့နယ် မောင်းခမ်းရွာမှ လက်ဖက်ကျည်တောက်ကိုးခုနှင့် ကောယားကျေးရွာမှ ခြောက်ခု အသီးသီးဆက်သခဲ့ရကြောင်း၊ ဟုမ္မလင်းလက်ဖက်လုပ်ငန်းသည် ရှေးယခင်က လက်ဖက်အရွက်လုပ်ငန်းနှင့် မျိုးစေ့ရောင်းဝယ်သောလုပ်ငန်းဟူ၍ရှိခဲ့ပြီး ၁၈၇၅ ခုနှစ်တွင် ဟုမ္မလင်းမြို့နယ်မှ လက်ဖက်သီးများကို အိန္ဒိယနိုင်ငံ အာသံပြည်နယ်သို့ အများအပြားရောင်းချခဲ့ကြကြောင်း အထောက်အထားများအရ လေ့လာသိရှိရသည်။

ယခုကဲ့သို့ ရှေးယခင်ကတည်းက နာမည်ကြီးခဲ့သည့် ဟုမ္မလင်းဒေသတွင် စိုက်ပျိုးထုတ်လုပ်ကာ လက်ရှိအချိန်အထိ နာမည်ရနေဆဲ ခေါင်ခမ်းလက်ဖက်အား စစ်ကိုင်းတိုင်းဒေသကြီး၏ ထူးခြားသောဒေသထွက်ကုန်တစ်မျိုးအဖြစ် ကျယ်ပြန့်စွာစိုက်ပျိုးထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်။

ဟုမ္မလင်းမြို့နယ်အတွင်း လက်ဖက်ကို လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ချင်းတွင်းမြစ်အထက်ပိုင်း ဘေး၊ ဝဲယာကျေးရွာအုပ်စုများ၏ ကုန်းမြင့်ပိုင်းများတွင် တစ်ကွင်းတစ်စပ်တည်း ဧကအလိုက် စိုက်ပျိုးခဲ့ကြသည်။ ၂၀၂၃ -၂၀၂၄ ခုနှစ်အထိ ဟုမ္မလင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၃၃ အုပ်စုတွင် တောင်သူပေါင်း ၂၇၆၆ ဦးဖြင့် လက်ဖက် ၉၄၁၃ ဧက စိုက်ပျိုးလျက်ရှိရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၃၉၄ ပိဿာနှုန်းဖြင့် လက်ဖက်ရွက်စိမ်း ပိဿာ ၃၇ သိန်းကျော် ထုတ်လုပ်နိုင်ခဲ့သည်။

ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာသည် ရှမ်းတိုင်းရင်းသားအများစု နေထိုင်ကြသည့်ကျေးရွာဖြစ်ပြီး တောင်ကုန်းတောင်စွယ်များ၌ လက်ဖက်စိုက်ခင်းများစိုက်ပျိုးကြပြီး မြေညီမြေပြန့်တွင် စပါးစိုက်ပျိုးကြကာ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အေးချမ်းစွာအသက်မွေးကြသောကျေးရွာဖြစ်သည်။ ခေါင်ခမ်းကျေးရွာတွင် စိုက်ပျိုးသည့် လက်ဖက်စိုက်ခင်းအများစုသည် အပင်သက်တမ်း ၂၀၀ ခန့်ရှိသော လက်ဖက်စိုက်ခင်းများဖြစ်ပြီး အာသံ (Camellia Assamica) မျိုးများဖြစ်ကာ ယခုလက်ရှိတွင် တောင်သူပေါင်း ၁၈၇ ဦးမှ လက်ဖက် ၆၈၇ ဧက စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ဟုမ္မလင်းဒေသတွင် လက်ဖက်စိုရိုးရိုး ပြုလုပ်ရောင်းချခြင်းအပြင် လက်ဖက်စိုနှင့် မက်လင်သီး၊ စောင်းလျားသီးများဖြင့် ရောနှောကာ လက်ဖက်ချဉ်နှပ် ပြုလုပ်ရောင်းချခြင်းများလည်းရှိသည်။ ထို့ပြင် လက်ဖက်အား လက်ဖက်အခါးခြောက်နှင့် အချိုခြောက်များလည်း ပြုလုပ်ရောင်းချလျက်ရှိပြီး ဈေးကွက်ဝင် ပန်းရနံ့ကူးလက်ဖက်ခြောက်နှင့် အချိုခြောက်များကိုလည်း နည်းပညာများရယူ၍ စမ်းသပ်ထုတ်လုပ်ကာ ရောင်းချနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ဟုမ္မလင်းလက်ဖက်ခြောက်သည် အရောင်အဆင်းကောင်းကာ ခါးသက်သောအရသာရှိသည့် အနံ့အရသာနှင့်ပြည့်စုံပြီး စိုက်ပျိုးရာတွင်လည်း ဒေသရေမြေသဘာဝကောင်းမွန်သည့်အလျောက် ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများ သုံးစွဲရန်မလိုဘဲ သဘာဝအတိုင်းဖြစ်ထွန်းအောင်မြင်ပြီး ကုန်ချောထုတ်လုပ်ရာတွင်လည်း ရိုးရာနည်းများကိုသာ အသုံးပြုထုတ်လုပ်ကြသည်။

**သဘာဝနည်းလမ်းများဖြင့် ပြုလုပ်**

ခေါင်ခမ်းကျေးရွာတွင် ဘိုးစဉ်ဘောင်ဆက် လက်ဖက်စိုက်ပျိုး၍ ထုတ်လုပ်ရောင်းချလျက်ရှိသည့် လက်ဖက်တောင်သူ ဒေါ်ခင်နှင်းခိုင်က **“လက်ဖက်ပင် စိုက်ပျိုးရာဒေသ၊ ရာသီဥတုအခြေအနေနှင့် အပင်၏သန်စွမ်းမှုပေါ် မူတည်၍ လက်ဖက်ရွက်များကို တစ်နှစ်လျှင် အကြိမ်များစွာ ခူးယူနိုင်ကြောင်း၊ မတ်၊ ဧပြီ၊ မေလ တို့တွင်ခူးယူသောလက်ဖက်ကို ‘ရွှေဖီဦး’ ဟုလည်းကောင်း၊ ဇွန်နှင့် ဇူလိုင်လတို့တွင် ခူးယူလျှင် ‘ခါးကန်’ဟုလည်းကောင်း၊ စက်တင်ဘာနှင့် အောက်တိုဘာလတို့တွင် ခူးယူသောလက်ဖက်ကို ‘မိုးညွန့်’ဟုလည်းကောင်း၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ခူးယူသောလက်ဖက်ကို ‘နှင်းတက်’ ဟုလည်းကောင်း အမျိုးမျိုးခေါ်ဝေါ်ကြကြောင်း၊ လက်ဖက်ခူးရာတွင် ရွက်နုနှင့် အညွန့်များကိုသာ ခူးယူကြပြီး လက်ဖက်စိမ်းမှ လက်ဖက်စို၊ လက်ဖက်ခြောက် ထုတ်လုပ်ရောင်းချရာတွင် မိရိုးဖလာသဘာဝနည်းလမ်းများဖြင့်သာ ပြုလုပ်ရောင်းချကြကြောင်း၊ လက်ဖက်ရွက်စိမ်းတစ်ပိဿာကို ရေနွေးငွေ့ဖြင့် ပေါင်းခံပြီး လက်ဖက်စိုပြုလုပ်ပါက လက်ဖက်စိုတစ်ပိဿာခန့်ရရှိပြီး လက်ဖက်စိမ်း လေးပိဿာလျှင် လက်ဖက်ခြောက်တစ်ပိဿာခန့် ထွက်ရှိကြောင်း၊ လက်ဖက်ခြောက်တစ်ပိဿာ၏ လက်ရှိဈေးနှုန်းမှာ လက်ဖက်ခြောက်အမျိုးအစားပေါ်မူတည်၍ ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ နှင့် လက်ဖက်အစိုတစ်ပိဿာလျှင် ကျပ် ၃၅၀၀ မှ ၅၀၀၀ ကျပ်ရောင်းချရကာ ဈေးကွက်အနေဖြင့် ဒေသတွင်းနှင့် မုံရွာ၊ မန္တလေးဈေးကွက်များသို့ တင်ပို့ရောင်းချကြောင်း”** ပြောကြားသည်။ စာမျက်နှာ ၁၇ သို့ ❖




**❝ ခေါင်ခမ်းလက်ဖက် စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးသည်မှ ကုန်ချောထုတ်လုပ်သည်အထိ ဓာတုပစ္စည်းအသုံးပြုမှုမရှိဘဲ မိရိုးဖလာနည်းဖြင့်သာ ထုတ်လုပ်လျက်ရှိပြီး လက်ဖက်စိုက်ခင်းများတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ သုံးစွဲမှုမရှိခြင်း၊ လက်ဖက်စို၊ လက်ဖက်ခြောက်ထုတ်လုပ်ရာတွင် တာရှည်ခံဓာတုဆေးများ၊ အရောင်ဆိုးဆေးများ အသုံးပြုထုတ်လုပ်မှုမရှိခြင်းတို့သည် ခေါင်ခမ်းလက်ဖက်အား သဘာဝအော်ဂဲနစ်ထုတ်ကုန်တစ်ခုအဖြစ် တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းတစ်ရပ်ဖြစ် ❞**

# ကျိုင်းတုံမြို့ရှိ ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်



နေပြည်တော် မတ် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းတွင် ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ခြင်ခိုအောင်းနိုင်သောချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် ဆေးရုံဝင်းအတွင်း/အပြင်၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

**ကြည့်ရှုအားပေး**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## နတ်တလင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေးဟောပြော

နတ်တလင်း မတ် ၂

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာအသိပညာပေးဟောပြောခြင်းကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းစနစ်ကို ကျင့်သုံးရခြင်း၏ အကြောင်းရင်းများ၊ အကျိုးခံစားခွင့်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန် အချိန်ကာလတို့ကို ပရိဂျက်တာဖြင့်ရှင်းလင်း၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁)ဗိုလ်မှူးနိုင်လင်းအောင်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သတင်းတု၊ သတင်းမှားများနှင့် ကောလာဟလများ မယုံကြည်ကြစေရန်ပြောကြားခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးအောင်၊ မြို့နယ်ဥပဒေအရာရှိဒေါ်ဝင်းပပအေးတို့က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများအား ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာ သတင်းစကားလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

သထုံ မတ် ၂

မွန်ပြည်နယ် သထုံခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပေါင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က အမှာစကားပြောကြားပြီး သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူး ဒေါ်ခင်မြတ်အေးက သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ဆပ်ပြာရည်အမျိုးမျိုး၊ ဆပ်ပြာခဲအမျိုးမျိုး၊ လက်သန့်ဆေးရည် အမျိုးမျိုး ထုတ်လုပ်နည်းများကို မတ် ၁ ရက်မှစတင်ကာ စာတွေ့ လက်တွေ့ ငါးရက်ကြာ အခမဲ့ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသားစုစုပေါင်း ၁၃ ဦး တက်ရောက်ကြကြောင်း၊ သင်တန်းပြီးဆုံးပါက လုပ်ငန်းထူထောင်လိုသူများအား သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မှော်ဘီမြို့နယ်၌ အလုပ်ခွင်အတွင်းထိခိုက်မှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းထုတ်ပေး

မှော်ဘီ မတ် ၂

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော မှော်ဘီမြို့နယ်ရှိ စိုးမိုးခိုင်သံရည်ကျိုစက်ရုံနှင့် Giant Steel Co.,Ltd. စက်ရုံတို့မှ အာမခံအလုပ်သမားနှစ်ဦးအတွက် လုပ်ငန်းခွင်အတွင်းထိခိုက်မှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဘားလမ်းရှိ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော စိုးမိုးခိုင် သံရည်ကျိုစက်ရုံမှ အာမခံအလုပ်သမား Mr. Hu Dongquan ၏ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ




အကျိုးခံစားခွင့် ငွေလုံးငွေရင်းခွင့်ပြုငွေ ကျပ် ၉၆၀၀၀၀၀ ကို သားဖြစ်သူ Mr. Hu Hanzhong ထံသို့လည်းကောင်း Giant Steel Co.,Ltd မှ အာမခံအလုပ်သမား ဦးနွယ်မျိုးအောင်၏ လုပ်ငန်းခွင်အတွင်းထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းခွင့်ပြုငွေ ၃၅၅၆၂၂၄ ကျပ်ကို ဦးနွယ်မျိုးအောင်ထံ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းဇော်(မှော်ဘီ)**

❖ စာမျက်နှာ ၁၆ မှ

ဟုမ္မလင်းမြို့နယ်၏ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးလျက်ရှိရာ လက်ဖက်လုပ်ငန်းရှင် ၁၃ ဦးအား ချေးငွေကျပ် ၃၂၇ ဒသမ ၅၀ သန်း ထုတ်ချေးထားပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းနှင့် ခေါင်ခမ်းကျေးရွာ တောင်သူခြောက်ဦးကလည်း ချေးငွေကျပ် ၁၅၅ သန်းဖြင့် လုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်းသိရသည်။

ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာထွက် လက်ဖက်စို၊ လက်ဖက်ခြောက်များအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဝယ်ယူသည့်လက်ဖက်အခြောက်ခံစက်များ၊ ပေါင်းခံစက်များ အသုံးပြုကာ လုပ်ငန်းလည်ပတ်လာနိုင်ခြင်းဖြင့် လုပ်သားရှားပါးမှုပြဿနာများဖြေရှင်းနိုင်ခြင်း၊ ထုတ်လုပ်သည့်ကုန်ပစ္စည်းအရည်အသွေး ကောင်းမွန်ခြင်း၊ လက်ဖက်အလေအလွင့်နည်းလာခြင်း၊ လုပ်ငန်းလည်ပတ်မှုလျင်မြန်ခြင်းနှင့် သန့်ရှင်းသပ်ရပ်စွာ ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် ကုန်ပစ္စည်းအရည်အသွေးများ ပိုမိုကောင်းမွန်လာသည့်အတွက် ဈေးကွက်ဝင်ထုတ်ကုန်များအဖြစ် ရောင်းချနိုင်သဖြင့် ဒေသခံလက်ဖက်တောင်သူများ ဝင်ငွေပိုမိုရရှိကာ ဒေသလူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာကြောင်း သိရှိရသည်။

**သဘာဝအော်ဂဲနစ်ထုတ်ကုန်ဖြစ်**

ခေါင်ခမ်းလက်ဖက် စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးသည်မှ ကုန်ချောထုတ်လုပ်သည်အထိ ဓာတုပစ္စည်းအသုံးပြုမှုမရှိဘဲ မိရိုးဖလာနည်းဖြင့်သာ ထုတ်လုပ်လျက်ရှိပြီး လက်ဖက်စိုက်ခင်းများတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ သုံးစွဲမှုမရှိခြင်း၊ လက်ဖက်စို၊ လက်ဖက်ခြောက်ထုတ်လုပ်ရာတွင် တာရှည်ခံဓာတုဆေးများ၊ အရောင်ဆိုးဆေးများ အသုံးပြုထုတ်လုပ်မှုမရှိခြင်းတို့သည် ခေါင်ခမ်းလက်ဖက်အား သဘာဝအော်ဂဲနစ်ထုတ်ကုန်တစ်ခုအဖြစ် တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။

ဟုမ္မလင်းဒေသထွက် ခေါင်ခမ်းလက်ဖက်၏ အလားအလာကောင်းမွန်မှုအရ အဆိုပါခေါင်ခမ်းလက်ဖက်အား နေပြည်တော်တွင် ကျင်းပသည့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်း အမှတ် MSME ထုတ်ကုန်ပြပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၏ One Region One Product ထုတ်ကုန်တစ်ခုအဖြစ် ဂုဏ်ယူဝင့်ကြွားစွာပြသနိုင်ခဲ့သည်။

ဟုမ္မလင်းမြို့နယ်၏ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံသစ်တောရောနှောစနစ်ဖြင့် လက်ဖက်စိုက်ဧရိယာများ တိုးချဲ့စိုက်ပျိုးနိုင်ရေး စည်းရုံးဆောင်ရွက်ခြင်း၊ ခေတ်မီလက်ဖက်စိုက်ပျိုးနည်းစနစ်များအား ပညာပေးဆွေးနွေးခြင်း၊ လက်ဖက်စိုက်ခင်းများအတွင်း လက်ရှိစိုက်ပျိုးထားသည့် လက်ဖက်ပင်များအား စနစ်တကျကိုင်းဖြတ်ပြုပြင်ပေးခြင်း၊ ခေါင်နှိမ်ခြင်း၊ ပုံသွင်းခြင်း၊ သဘာဝမြေဩဇာကျွေးခြင်းနှင့် အပင်ပြုစုခြင်းများ နည်းပညာပေးဆောင်ရွက်နေသကဲ့သို့ တစ်ဧကအပင်ဦးရေပြည့်မီစေရန် ဖြည့်စွက်စိုက်ပျိုးခြင်း၊ အထွက်ကောင်းအရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးခြင်းနှင့် စနစ်တကျလက်ဖက်ခူးဆွတ်နည်းများကိုလည်း ပညာပေးဆောင်ရွက်လျက်ရှိသည်။

ဟုမ္မလင်းမြို့နယ်၏ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ဘက်ပေါင်းစုံမှ ဆောင်ရွက်နေသကဲ့သို့ လက်ဖက်နှင့်ပတ်သက်သောလူသုံးကုန်ပစ္စည်း၊ လက်ဖက်ဆပ်ပြာ၊ လက်ဖက်ရွက်စိမ်း ခေါင်းလျှော်ရည်နှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်ရန်နှင့် ထုတ်ကုန်ဈေးကွက်ရရှိစေရန် ဖော်ဆောင်ပေးနိုင်ပါက စစ်ကိုင်းတိုင်းဒေသကြီး၏ ဒေသတစ်ခုထုတ်ကုန်တစ်မျိုးလုပ်ငန်းဖြစ်သည့် ဟုမ္မလင်းမြို့နယ်မှ ခေါင်ခမ်းလက်ဖက်အနေဖြင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရေဖြူမြို့နယ်၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



ထားဝယ် မတ် ၂

တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဖြူမြို့နယ် ဖားချောင်း-မင်းလက်ကျ-တောင်ရင်းအင်း-ဆယ်အိမ်စု (ကလိန်အောင်-ကံပေါက်) သို့ ဆက်သွယ်သည့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ရန်ပုံငွေကျပ် ၂၃၄ ဒသမ ၆၆၇ သန်းဖြင့် ရေဖြူမြို့နယ် ဖားချောင်း-မင်းလက်ကျ- တောင်ရင်းအင်း- ဆယ်အိမ်စု (ကလိန်အောင်-ကံပေါက်) သို့ ဆက်သွယ်သည့် ကျောက်လမ်း ၉/၀ မိုင်မှ ၁/၀ မိုင် ဆောင်ရွက်ပြီး ကျန် ၈/၀ မိုင်အနက် ၁/၀ မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား May Tectonic ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# မွန်ရိုးရာရက်ကန်းအထည်များကို ဒေသတစ်ခု ထုတ်ကုန်တစ်ခုတွင် တိုးမြှင့်ထည့်သွင်းဆောင်ရွက်လာ

မုဒုံ မတ် ၂

မွန်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်သော ပြည်နယ်တစ်ခုဖြစ်ရာ မွန်လူမျိုးတို့၏ အထွတ်အမြတ်ထား ဝတ်ဆင်ကြသည့် ရိုးရာဝတ်စုံကို ရာသီမရွေး၊ လူမျိုးမရွေး ဝတ်ဆင်နိုင်သဖြင့်ယခုအခါနိုင်ငံအတွင်း ပြည်သူများ ဝယ်ယူဝတ်ဆင် လူကြိုက်များလာကာ ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချလျက်ရှိသည်။

မွန်ရိုးရာ ရက်ကန်းအထည်များကို ရက်လုပ်သည့်အခါတွင် ရက်ကန်းစင်ကြီးဖြင့် ရက်လုပ်ရပြီး အကွက်များဖော်၍ ခတ်ရကြောင်း၊ ချည်သုံးထုပ် စင်ပေါ်တင်၍ ခတ်မည်ဆိုပါက အထည် ၄၀ ခန့် ရရှိကြောင်း၊ မွန်ရိုးရာလက်ရက်ကန်းကို ဘေးဆွဲပုံ၊ နှပ်ထိုးပုံများက အများအားဖြင့် ရက်ကန်းရက်လုပ်ရာတွင် တူညီကြောင်းနှင့် ရက်လုပ်ရာတွင် တစ်နေ့လျှင် လုံချည်သုံးကွင်း၊ ထဘီရက်လုပ်ပါက နှစ်ကွင်း ရရှိကြောင်း မုဒုံမြို့နယ် နိုင်လှူံကျေးရွာမှ မွန်ရိုးရာရက်ကန်း လုပ်ကိုင်သူ ဒေါ်ချိုချိုမြင့်က ပြောသည်။

မွန်ရိုးရာအထည်များ ရက်လုပ်ပြီးထွက်ရှိလာသည့် အထည်များကို မြို့နယ်အတွင်းရှိ မွန်ရိုးရာအထည်အရောင်းဆိုင်များသို့ ဆိုင်တင်ရောင်းချရကာ ဆိုင်များမှတစ်ဆင့် ပြည်တွင်းဝယ်ယူသူများအပြင် ထိုင်း၊ စင်ကာပူ၊ မလေး၊ ကိုရီးယား၊ ဂျပန်နိုင်ငံများ၌ နေထိုင်သည့် မွန်တိုင်းရင်းသားများက အများဆုံးမှာယူကြ၍ ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချပေးလျက်ရှိသောကြောင့် မွန်ရိုးရာအထည်များ ရောင်းအားကောင်းလာကြောင်း လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

မွန်ရိုးရာ လက်ရက်ကန်းအထည်များ လုပ်ကိုင်ကြသည့် စီးပွားရေးလုပ်ငန်းရှင်များ ဈေးကွက်ပိုမိုရရှိလာစေရန်၊ ရက်ကန်းရက်လုပ် ရောင်းချသူများ အဆင်ပြေစေရန်နှင့် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product)တွင် တိုးမြှင့်ထည့်သွင်းဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**



# ရမည်းသင်းမြို့နယ်၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ရမည်းသင်း မတ် ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းနားကျေးရွာအုပ်စု ကန်သာအေးကျေးရွာရှိ တောင်သူများ စိုက်ပျိုးရေလိုအပ်ချက်များကို ဖြည့်တင်းပေးနိုင်ရန်အတွက် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၉ ရက်တွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ကန်သာအေးကျေးရွာတွင် တောင်သူ ၂၈ ဦး၏ လယ်ယာဧက ၈၀ ကျော်ကို စိုက်ပျိုးရေဖြန့်ဝေပေးနိုင်ရန် (2HP centrifugal Pump +3.3KW) ဆိုလာနှစ်စုံ တပ်ဆင်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တောင်သူများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စိုက်ပျိုးရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၈၆၄ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ကျေးရွာသူ ကျေးရွာသားများပူးပေါင်း၍ ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၂၂



# လှိုင်မြို့နယ်မီးသတ်စခန်း၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄)ဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်မီးသတ်စခန်း၌ ခရိုင်အဆင့်



ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၄)ဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

သင်တန်းဆင်းပွဲ၌ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှအရာရှိများ၊ လှိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ YRO (Yangon Resgon Organization) လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ပရဟိတအသင်းအဖွဲ့ ဥက္ကဋ္ဌများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**တင်ဝင်းတင်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးမှုခင်းများနှင့် မူးယစ်ဆေးဝါးစစ်ဆင်ရေးများအကြောင်း ဆွေးနွေးဟောပြော

ရန်ကုန် မတ် ၂

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(အင်းစိန်)တို့ ပူးပေါင်း၍ (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးမှုခင်းများနှင့် မူးယစ်ဆေးဝါးစစ်ဆင်ရေးများအကြောင်း ဆွေးနွေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အင်းစိန်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးဟောပြော**


ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က မေးမြန်းဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ သတင်းစာဆရာ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ဖြေကြားဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ ယနေ့ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါးမှုခင်းများအကြောင်း၊ မူးယစ်ဆေးဝါးစစ်ဆင်ရေးများအကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးအန္တရာယ် လျှော့နည်းပပျောက်ရေး ဆောင်ရွက်ချက်များအကြောင်းတို့ကို စိတ်ဝင်စားဖွယ် ဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါ ဆွေးနွေးဟောပြောချက်များကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) ပြည်သူ့အသံ အွန်လိုင်းမှတစ်ဆင့် အများပြည်သူများ ကြည့်ရှုနားထောင်နိုင်ရန် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## အလုပ်ဖြင့် ဘဝကိုအလှဆင်မယ်




ဘဒ္ဒန္တကောသလ္လ မြေပုံဆရာတော်ရေးသားသည့် အလုပ်ဖြင့် ဘဝကိုအလှဆင်မယ်စာအုပ် ထွက်ရှိလာသည်။

စာရေးသူသည် မိမိ၏ကိုယ်ပိုင်အချိန်ကို ပရိယတ္တိစာပေသင်ယူသော စာသင်သားဘဝ၊ လူငယ်နှင့် ဘာသာရေးယဉ်ကျေးမှုထိတွေ့ပေးသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျောင်းဆရာဘဝ၊ သာသနာတော် တည်တံ့ပြန့်ပွားရေးလုပ်ဆောင်သော ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သည့်ဘဝနှင့် နိုင်ငံတကာဘတ်ဂျက်၊ နည်းပညာတို့ဖြင့် ကျေးလက်အခြေပြု လူမှုဖွံ့ဖြိုးရေးလုပ်ဆောင်သော ပရဟိတဘဝတို့ဖြင့် ဖြတ်သန်းကာ အချိန်ကိုကုန်ဆုံးစေခဲ့သည်။

စာရေးသူလုပ်ဆောင်ခဲ့သမျှလုပ်ငန်းများကို စုစည်းမှတ်တမ်းတင်ရေးသားထားရာတွင် လုပ်ငန်းနှင့်ဆိုင်သော မှတ်တမ်းဓာတ်ပုံများ ထည့်သွင်းဖော်ပြထားသည့်အတွက် စာဖတ်သူများ စိတ်ဝင်စားမည့် စာအုပ်တစ်အုပ်ဖြစ်သည်။

လောကဓံကို အန်တုပြီး သာမန်ဘဝမှ ရုန်းထနိုင်ပုံ၊ ရောက်ရာအရပ်၌ ကြံ့ကြံ့ခံရပ်တည်ပြီး အလုပ်ဟူသမျှ မလျှော့သောဖွဲလုံ့လဖြင့် ကြိုးပမ်းလုပ်ဆောင်ပုံ၊ အောက်ခြေမှ အပေါ်သို့ ဖြေးဖြေးမှန်မှန် တက်လှမ်းပုံတို့ကို ဖတ်ရှုရမည်ဖြစ်ရာ စာဖတ်သူများ စိတ်ခွန်အားကိုဖြစ်စေပါသည်။

မိမိကိုယ်ကိုအကျိုးပြုသောအလုပ်၊ တစ်ပါးသူကိုအကျိုးပြုသောအလုပ်၊ သာသနာတော်ကိုအကျိုးပြုသောအလုပ် စသည်ဖြင့် မည်သည့်အလုပ်ကိုလုပ်လုပ် အကျိုးမယုတ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို စံပြသာသနာပြုကျောင်းတိုက်။ ဖုန်း-၀၉ ၂၅၄၀၈၇၁၉၀မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။

## တစ်ကြောင်းတည်းသော မြန်မာနိုင်ငံထွက်ရပ်လမ်းမြေပုံကျမ်း




၂၀၂၂ခုနှစ် အမျိုးသားစာပေဆု (နိုင်ငံရေး) ဆုရ စာရေးသူ သက်နိုင်ဦး(ကျည်ကာ) ရေးသားသည့် တစ်ကြောင်းတည်းသော မြန်မာနိုင်ငံ ထွက်ရပ်လမ်းမြေပုံကျမ်းစာအုပ် ထွက်ရှိလာသည်။


အဆိုပါစာအုပ်တွင် တွေးခေါ်သုံးသပ်မှုအပိုင်း၊ တစ်ကြောင်းတည်းသော မြန်မာနိုင်ငံထွက်ရပ်လမ်း၊ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လိုရင်းသုံးသပ်ချက်(အကျဉ်း) နှင့် အထွေထွေဟူ၍ အပိုင်းလေးပိုင်းပါဝင်ပါသည်။

တကယ်တော့ စာရေးသူသည် စာရေးဆရာတစ်ယောက်မဟုတ်ပါ။ စာဖတ်သူတစ်ယောက်သာဖြစ်သည်။ စာရေးခြင်းကို ဝါသနာပါသော်လည်း စာရေးသည့်အလုပ်သည် အလွန်တာဝန်ကြီးသည်။ စာဖတ်ခြင်းသည် အပြစ်ကင်းစင်သည်။ ထို့ကြောင့် အဆိုပါစာအုပ်သည် စာရေးသူ၏ တစ်အုပ်တည်းသော စာအုပ်ဖြစ်သည်။

စာရေးသူက စာပေဆုရရှိကြသည့် စာရေးဆရာကြီး၊ ဆရာမကြီးများကို အလွန်လေးစားတန်ဖိုးထားကာ အားကျစိတ်များဖြစ်မိသည်။ ထိုသူတို့က နိုင်ငံတော်၏ တကယ့်မီးအိမ်ရှင်ကြီးများဖြစ်ကြသည်။ စာရေးသူ ထိုစာအုပ်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်တို့သည် အမျိုးသားစာပေဆုရရှိရန်အတွက်မဟုတ်ပါ။ မြန်မာပြည်ကြီး စစ်မက်များကင်းပြီး ငြိမ်းချမ်းစေရန်အတွက်သာဖြစ်သည်။ ထိုစာအုပ် သက်ဝင်လှုပ်ရှားလာပြီး မြန်မာပြည်ငြိမ်းချမ်းရေးအတွက် လက်တွေ့တကယ် အကျိုးဖြစ်ထွန်းစေခဲ့မည်ဆိုပါက စာရေးသူ၏ဘဝတွင် တန်ဖိုးဖြတ်မရသည့် ဝမ်းသာကြည်နူးမှုကို ခံစားရမည်မှာ အမှန်ပင်ဖြစ်သည်။

အဆိုပါစာအုပ်ကို သက်နိုင်ဦး(ကျည်ကာ) စီစဉ်ကာ ဦးဝင်းငွေး(ရွာဝဏ်ပုံနှိပ်တိုက်)မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၈၁၀၀ သတ်မှတ်ထားသည်။

## ဘုန်းတော်ကြီး ဦးသီလ၏ ထေရုပ္ပတ္တိနှင့် ဖြစ်ရပ်ဆန်းများ




စာရေးသူ ဘိုမင်းဖြူ (ဥပဒေ) ရေးသားသည့် ဘုန်းတော်ကြီး ဦးသီလ၏ ထေရုပ္ပတ္တိနှင့် ဖြစ်ရပ်ဆန်းများစာအုပ် ထွက်ရှိလာသည်။


ဘုန်းတော်ကြီးဦးသီလသည် ရုပ်ခန္ဓာကို ခင်မင်ခြင်းကြောင့် ယင်းခင်မင်မှုက မိမိကိုယ်ကိုနှိပ်စက်တတ်ကြောင်း ပြသခဲ့သည့် စံပြပုဂ္ဂိုလ်လည်းဖြစ်သည်။ ထိုသို့ နှိပ်စက်သည်မှာ သာမန်နှိပ်စက်ခြင်းမျိုးမဟုတ်၊ မိမိ၏ကိုယ်ခန္ဓာကို သေသည်အထိ ညှာတာမဖက် နှိပ်စက်တတ်သည်ကို ပြသခဲ့သည်။ တစ်သက်လုံး ကျွေးမွေးလာခဲ့သော ဤရုပ်ခန္ဓာသည် မိမိ၏ခန္ဓာကိုယ်ကိုသေသည်အထိ နှိပ်စက်ပြခဲ့သည်မှာ ဘုန်းတော်ကြီး သွေးဝမ်းအကြိမ်ကြိမ်သွားခဲ့ရသည်အထိဖြစ်သည်။ သာမန်လူအတွက်ဆိုလျှင် နှိပ်စက်လွန်း၍ ဒေါသဖြင့် သေသွားရုံရှိသော်လည်း ဒုက္ခသစ္စာကိုသိသော အရိယာပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်၍ ဒုက္ခတရားကိုရင်ဆိုင်ကာ ဖြစ်ပြီးပျက်နေသော ခန္ဓာရုပ်ဟု ဝိပဿနာရှုမှတ်နိုင်ခဲ့သဖြင့် ဘုန်းတော်ကြီးမှာ ရဟန္တာမြတ်ဖြစ်ခဲ့ရသည်။

ဘုန်းတော်ကြီး ဦးသီလသည် မိမိ၏ရုပ်ခန္ဓာမှ ပေါ်ပေါက်လာသော ဒုက္ခသစ္စာတရားများကို ငါ့ခန္ဓာမဟုတ်ပါလား၊ ငါ့အပိုင်မဟုတ်ပါလားဟု ဒိဋ္ဌိကင်းသောအသိအမြင်ဖြင့် ကြည့်ရှုတတ်သည့် သောတာပတ္တိအမြင်မှတစ်ဆင့်၊ သကဒါဂါမ်အဆင့်၊ အနာဂါမ်အဆင့်မှသည် ရဟန္တာအဆင့်ထိရောက်အောင် သာမန်လူတို့ကျင့်နိုင်ခဲ့သည်ကို မရရအောင် ကျင့်ကြံပြသခဲ့လေသည်။

နှိပ်စက်တတ်သော ရုပ်နှင့်နာမ်(ခန္ဓာငါးပါး)ကို မရရအောင် ဆုတောင်း၍ ယူခဲ့ကြသော လူ့သဘာဝတရားနယ်မှ နာမ်နှင့်ရုပ်ကို ငါ့အားနှိပ်စက်နေပါလား၊ ငါ့အား သေသည်အထိ နှိပ်စက်ကြဦးမှာပါလားဟု သိမြင်လာသော ဒိဋ္ဌိကင်းသောအမြင်ရရှိသည့် သောတာပတ္တိအမြင်နယ်ပယ်အထိ လက်ရှိဘဝတွင် ကြိုးစားနိုင်ကြကြောင်း ပြသခဲ့သည့် ဆရာတော်ကြီးပင်ဖြစ်သည်။

စာအုပ်ကို သီရိမြန်မာစာပေမှ ထုတ်ဝေသည်။

## ကြိမ်နှုန်းပေါ်ကလက်ရုံးနှင့် စစ်ဝတ္ထုတိုများ




စာရေးသူ မင်းထက်ကျော်ဇော စီစဉ်ရေးသားသည့် ကြိမ်နှုန်းပေါ်ကလက်ရုံးနှင့် စစ်ဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်၏ သမိုင်းတစ်လျှောက် ထွန်းတောက်ခဲ့တဲ့ ကြယ် ခေါင်းစဉ်ဖြင့် "ကိုကို ကိုကိုကဘယ်လိုလဲ ဒီနေ့က ကိုကိုနဲ့ကြည်ဖြူရဲ့ Anniversary လေ၊ ဒီလိုနေ့မျိုးမှာ ကြည်ဖြူလည်း မိန်းမပါ ကိုကိုရယ်၊ သူများရည်းစားတွေလို ကြည်နူးချင်တာပေါ့"


သူ့အကျင့်အတိုင်း ပြောချင်ရာပြောပြီး ဖုန်းချသွားသော်လည်း ဗိုလ်ကြီးစိုးထက်ကတော့ စားပွဲပေါ်တွင် ဖုန်းကလေးအသာတင်ရင်း ရင်ဘတ်ထဲက အပူလုံးတွေကို အပြင်သို့ရောက်အောင် မှုတ်ထုတ်လိုက်သည်။ သူတို့ချစ်သူသက်တမ်းတစ်လျှောက်လုံးတွင် ဒါအကြိမ်ကြိမ်အခါခါ ဖြစ်နေကျဆိုတော့ သိပ်တော့မထူးဆန်းတော့ပေ။ ဒါပေမဲ့ ဘယ်တော့များမှ အဆုံးသတ်မှာလဲဟု စိုးထက်တွေးရင်း ရင်ပူလာမိသည်။ ထပ်မြည်လာသောဖုန်းသံကြောင့် စိုးထက်အပူတွေကို ခဏမေ့ပစ်ကာ လက်ကိုင်ဖုန်းကို ကောက်ကိုင်ရင်း ကြည့်လိုက်တော့ အဖေ့ဆီက။

"ဟေ့ကောင် မင်း ငါတို့နဲ့ ဘယ်အချိန်လာနေနိုင်မှာတုန်း။ ဒီမှာ အမေ အဖေက အတော်အိုစာနေပြီကွ။ ငါတို့မှာ အားကိုးစရာ မင်းတစ်ယောက်ပဲရှိတာ။ အိမ်မှာလည်း အလုပ်သမားတွေက ငါတို့ကိုသိပ်မကြောက်တော့ဘူး။ မင်းလာပြီး မဦးဆောင်ရင် ငါတို့ ခွက်ဆွဲရတော့မယ်ဟေ့ကောင်"

အဖေ့ဆီက တရစပ်ထွက်လာသည့်စကားလုံးတွေကား စိုးထက်အတွက် ရင်နှင့်မဆံ့လှ။

စာအုပ်ကို မိုးကျော်စာပေ၊ ဖုန်း-၀၉ ၂၅၀၀၂၂၂၃၀နှင့် အော်ကျူးမီဒီယာ၊ ဖုန်း-၀၉ ၅၁၇၆၉၃၆တို့မှ တန်ဖိုးငွေကျပ် ၆၅၀၀ဖြင့် ဖြန့်ချိသည်။

## ဟေဒါအလီယက်၊ အဇာဘိုင်ဂျန်၏ မကြွေသည့်ကြယ် စာအုပ်ဖြန့်ချိ




နေပြည်တော် မတ် ၂

ရွှေအိုလတ်(Shwe O Latt )ဘာသာပြန်ဆိုထားသည့် အဇာဘိုင်ဂျန်၏ ဟေဒါအလီယက်၊ မကြွေသည့်ကြယ်စာအုပ် ထွက်ရှိလာသည်။

အဆိုပါ စာအုပ်တွင် အဇာဘိုင်ဂျန်နိုင်ငံ၏ သမ္မတ ဟေဒါအလီယက်၏ နိုင်ငံရေးဖြတ်သန်းမှု၊ ဆိုဗီယက်ယူနီယံပြည်ထောင်စုခေတ် ဖွဲ့စည်းပုံနှင့် ဆောင်ရွက်ချက်များ၊ တစ်ပါတီစနစ်မှသည် ဒီမိုကရေစီသို့ အကူးအပြောင်းကဏ္ဍပေါင်းစုံမှ စိန်ခေါ်မှုများ၊ သဘာဝသယံဇာတ ရောင်းချခြင်းနှင့် အနာဂတ်မျိုးဆက်အတွက် ချိန်ညှိပေးခဲ့ပုံ စသည်တို့ကို ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြထားသည်။

စာအုပ်တွင် ဟေဒါနှင့် ဇာရီဖာ၊ လူငယ်ဘဝကပင် ဤအလုပ်ကို ရွေးချယ်ခဲ့သည်၊ ပြည်ထောင်စုကြီး တစ်ခုလုံးက သင့်ကိုလိုအပ်နေသည်၊ ကျုပ်က သာမန်လူတစ်ယောက်ပါ၊ ကမ္ဘာ့နိုင်ငံရေးထဲက အဇာဘိုင်ဂျန်ရေနံနှင့် ဟေဒါ့အပေါ် ရှုမြင်ချက်များ စသည့်အကြောင်းအရာများကို အခန်း ၁၃ ခန်းဖြင့် စုစည်းပြန်ဆိုထုတ်ဝေထားသည်။

အဆိုပါစာအုပ်ကို Myanmar Heritage Publication အမှတ် ၁၈၅-၁၉၅၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၂၄၃၈၉၃၊ ၃၉၈၁၄၀တို့မှ ထုတ်ဝေဖြန့်ချိထားသည်။ **သတင်းစဉ်**

**❂ စပါးအသင်းမှ**


ရစ်ချာလီဆန်ဟာ ၂၀၂၂ ခုနှစ်မှာ စပါးအသင်းကို ပြောင်းရွှေ့လာခဲ့ပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ပွဲစဉ်စုစုပေါင်း ၆၀ မှာ သွင်းဂိုး ၁၄ ဂိုး သွင်းယူပေးထားတာဖြစ်ပါတယ်။ စပါးအသင်းမှာ တိုက်စစ်မှူး ရစ်ချာလီဆန်အပြင် ပက်ဒရိုပေါ်ရိုနဲ့ ဆက်ဆက်နွှန်တို့ဟာလည်း ဒဏ်ရာပြဿနာကြုံတွေ့နေရတာကြောင့် ရာသီကုန်အထိ အနားယူရမှာဖြစ်တယ်လို့ သိရပါတယ်။

ငွေကြယ်

**စာအုပ်စာပေ လူ့မိတ်ဆွေ**
**စာပေမြင့်မှ လူမျိုးတင့်မည်**

ဝတ္ထုတို

## ပိုင်ပိုင်




(၁)

မတင်မကျဆိုတဲ့ စိတ်ခံစားချက်က အတော်ဆိုးတာပဲ။ ရင်ဝမှာ တစ်ဆို့ဆို့နဲ့ ဘဝင်မကျစရာ။ ဟုတ်နေလားဆိုတော့လည်း အတိအကျမဟုတ်ပြန်။ မဟုတ်ဘူးလားဆိုတော့လည်း ဟုတ်လာတော့ မလိုလို။ ဟုတ်လာမှာကို ကြိုတင်စိုးရွံ့နေတဲ့စိတ်က မဟုတ်လောက်ပါဘူးလို့ ဖြေလျှော့တွေးလည်း စိတ်မှာတော့ မတင်မကျခံစားချက်ကသာ ကြီးစိုးနေဆဲ။

(၂)

“ဘာဖြစ်နေတာလဲကွာ။ မောင့်ကို ကျေးဇူးကန်းသူလို့ မင်းက ဖြစ်စေချင်နေတာလား။ သူ့ကျေးဇူးကို တုံ့ပြန်ပေးနေတာပါကွ။ ဘာမှ အပန်းမကြီးတာကို လုပ်ပေးရမှာပဲလေကွာ။ ဆရာရဲတို့နဲ့ လက်ဖက်ရည်ဆိုင် ထိုင်ဦးမှာနော်။ အပြင်သွားတာကြာတယ်ဆိုပြီး စိတ်ဆိုးမနေနဲ့ဦး”

ပါဆယ်ထုပ်ကို သေသေသပ်သပ် ထုပ်နေရင်း ဖြေရှင်းချက်စကားတွေ ပြောနေတဲ့ မောင့်ကို မျက်တောင် မခတ်တမ်းကြည့်ရင်း အကဲခတ်နေရတာ စိတ်ပင်ပန်းလိုက်တာ။

“ဟ...ကြည့်လှပါလား။ ဘာတွေ တွေးနေပြန်ပြီလဲ။ သွားပြီနော်။ အမေ.... သားအပြင်သွားပြီ”

“အေး..အေး..သားရေ သိပ်မကြာနဲ့နော်”

ဆိုင်ကယ်ကို ခပ်ဖြည်းဖြည်း မောင်းထွက်သွားတဲ့ မောင့်ပုံစံက မဟုတ်တာလုပ်နေသူရဲ့ပုံစံမျိုး ဟုတ်၊ မဟုတ်ကိုလည်း မသိနိုင်။ ဝင်သက်နဲ့ ထွက်သက်ကြားအချိန်လေးမှာကို ဖိစီးနေတဲ့ ကြိုတင်ပူပင်နေခြင်း စိတ်သောကက တငွေ့ငွေ့။ ရေးလက်စစာမူကိုလည်း အဆုံးမသတ်နိုင်။ စာရေးစားပွဲမှာ ထိုင်ပြီးငြိမ်သက်နေပေမယ့် စိတ်တွေကတော့ မငြိမ်မသက်။

“ယုယ...ထမင်းစားနှင့်ရအောင်လေကွယ်။ သားက သူ့ဆရာတွေနဲ့တွေ့ရင် အတော်နဲ့ပြန်လာမှာ မဟုတ်ဘူး”

“ဟုတ်ကဲ့ အမေသိန်း”

မိခင်နဲ့တူတဲ့ ယောက္ခမကို ယုယ ချစ်ခင်ပါတယ်။ ယုယကိုလည်း အမေသိန်းက သမီးလိုချစ်ပါတယ်။ တစ်ခုပဲရှိတယ်။ “မြမြကလေ...”ဆိုပြီး မြမြကောင်းကြောင်း။ မြမြ ကျေးဇူး။ မြမြဦးကာ ဖွဲ့နွဲ့ပြောပြတဲ့ စကားတွေကိုတော့ ယုယ နားကြားပြင်းကပ်နေပြီ။ မြမြဆိုတဲ့ အမျိုးသမီးကို ယုယ ဓာတ်ပုံထဲမှာသာ မြင်ဖူးတာ။ တည်ကြည်ချောမောတဲ့ ရုပ်ရည်နဲ့ ဆွဲဆောင်မှုရှိတဲ့ ခန္ဓာကိုယ်က ပြည့်ပြည့်။ လွန်ခဲ့တဲ့ ၁၅ နှစ်ခန့် ကတည်းက မောင်တို့ မိသားစုနဲ့ ခင်မင်ခဲ့ကြတယ်တဲ့။ မောင့်အဖေ အသည်းရောဂါဖြစ်တော့ မြမြကပဲ ငွေကြေးကအစ အကူ အညီပေးကာ အကောင်းဆုံးသမားတော်နဲ့ ကုပေးခဲ့တယ်။ အဲဒီအချိန်မှာ မောင်က တက္ကသိုလ်တက်နေဆဲဖြစ်လို့ ကျောင်း စရိတ်ပါ မြမြကပဲထောက်ပံ့ပေးခဲ့တာတဲ့။ ယုယနဲ့ မောင် ဖူးစာဆုံကြတော့ မောင့်မှာ အမေလို အစ်မလို ချစ်ခင်ယုံကြည်အားကိုးရတဲ့ မြမြဆိုတဲ့ အစ်မကြီးတစ်ယောက်ရှိကြောင်း ပြောပြခဲ့ပါတယ်။ ယုယတို့မင်္ဂလာဆောင်ကိုတော့ လက်ဖွဲ့ငွေများစွာ သာပို့လိုက်ပြီး မြမြက နေမကောင်းဖြစ်နေလို့တဲ့ မလာခဲ့ပါဘူး။ ကျေးဇူးတရားဆိုတာကို အလေးထားရမယ်ဆိုတာကို ယုယလည်း နားလည်ပါတယ်။ မောင်နေမကောင်းဖြစ်တုန်းက ဖုန်းခဏခဏ ဆက်တာ။

အိမ်ထောင်ရှိယောကျ်ားတစ်ယောက်ကို အဝေးကနေပြီး စိုးရိမ်ပူပင်ပြီး လိုင်းပေါ်တက်ခဲ့ Video call ပြောမယ်လို့တောင်းဆိုတာမျိုးကိုတော့ ယုယ နားလည်မပေးနိုင်တော့ဘူး။ အခုလည်း မောင့်ရဲ့ အလုပ်ပိတ်ရက်လေးမှာ ကြည်ကြည်နူးနူးနဲ့ မောင့်နားကပ်နေရမယ်မှတ်တာ။ မနက်ကတည်းက အမေသိန်း ဈေးကပြန်လာပြီး မြမြမှာတဲ့ သနပ်ခါးအဖြူပွေးအတုံးတွေရလာလို့တဲ့ ပါဆယ်ထုပ်ပြီး ကားဂိတ်ကနေ မြမြဆီကို သွားပို့ခိုင်းနေတာ။ မောင်ကလည်း မြမြ အတွက်ဆိုတာနဲ့ နှစ်ခါမပြောရဘူး။ အပြင်သွားရင် အမြန်ပြန်မလာတတ်တဲ့ မောင့်ကိုကော၊ မြမြဆိုရင် အရေးပေးလွန်းတဲ့ အမေသိန်းကိုကော၊ ခဏခဏဖုန်းဆက်ပြီး သူလိုချင်တာမှာတတ်တဲ့ မြမြကိုကော ယုယ မကျေနပ်တာကတော့ အမှန်။

(၃)

“ယုယရေ...ဒီမယ် လက်ဖက်သုပ်စားရအောင်”

လက်ဖက်သုပ်ဆိုရင် သိပ်ကြိုက်တဲ့ ယုယ၊ အမေသိန်းနားကပ်ထိုင်ပြီး ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်ကိုစားလိုက်ပါတယ်။

“ဒီလက်ဖက်ကလေ ဟိုတလောက မြမြ ပို့လိုက်တာကွဲ့။ သားက လက်ဖက်ဆိုရင် အညွန့်လေးမှ ကြိုက်တတ်တာ မြမြ သိတယ်လေ”

ဇွန်းကိုင်ထားတဲ့ ယုယရဲ့လက်က ဆတ်ခနဲတုန်သွားတာကို အမေသိန်း မသိ။ မောင်က လက်ဖက်အညွန့်မှ ကြိုက်တာကိုလည်း ယုယ မသိ။

“ဘယ်လိုရေစက်ကြောင့်လဲတော့ မသိပါဘူး သမီးရယ်။ အမေတို့ မြမြနဲ့ ဆုံခဲ့ရတာ ကံကောင်းခြင်းပဲ”

အမေသိန်းက မြမြ အကြောင်းပြောရမယ်ဆိုရင် မရပ်မနား။

“မြမြက အဲဒီတုန်းက သူ့အိမ်ထောင်နဲ့ ကွာရှင်းပြီး အမေတို့ အနောက်ဘက်က အိမ်မှာ လာငှားနေတာ။ သားနှစ်ယောက်က သူ့ယောက္ခမဆီမှာ ကျန်ခဲ့တယ်တဲ့။ အတော်သွက်လက် ထက်မြက်တဲ့ မိန်းကလေး၊ သုံးနှစ်လောက်နေတော့ သူ့ယောက္ခမနေမကောင်းလို့တဲ့ ကလောကို ပြန်သွားလေရဲ့။ သူ့သားလေးတွေကိုလည်း သူစောင့်ရှောက်ရမယ်ပေါ့လေ။ ခုတော့ သူ့ယောက္ခမလည်း ဆုံးရှာပါပြီ။ ပွဲရုံ အလုပ်ကို မိန်းမသားဖြစ်ပြီး ဦးစီးလုပ်ကိုင်နေရတာ အတော်ပင်ပန်းမယ် ထင်ပါရဲ့..”

“တူတူတူ...တူ..တူ..”

စာအုပ်စင်ဘေးတွင် တင်ထားသည့် အထိုင်ဖုန်းမြည်သံကြားတော့ ယုယ မျက်မှောင်ကုပ်မိတယ်။ ပျာပျာသလဲ ဖုန်းသွားကိုင်တဲ့ အမေသိန်း။

“ဟယ်လို...အေး...သွားပြီ။ သမီး မောင် ကားဂိတ်ကို ခုပဲသွားတာ၊ ဆိုင်ကယ် မောင်းနေလို့ ဖုန်းမကိုင်တာနေမှာ။ သမီးကို ဖုန်းပြန်ဆက်ပါလိမ့်မယ်။ လိုအပ်တာ ဖုန်းဆက်မှာနော် သမီး။ ကျန်းမာရေးလည်း ဂရုစိုက် ဟုတ်လား”

မြမြက မောင့်ဖုန်းကို ခေါ်လို့မရရင် အိမ်ဖုန်းကို ခေါ်တတ်တယ်။ အမေသိန်း အတွက် အထိုင်ဖုန်းကို မြမြကပဲ ပို့ပေးထားတာ။

လက်ဖက်သုပ်ကလည်း စားရတာ အရသာမတွေ့တော့။ စာရေးချင်စိတ်လည်း မရှိတော့။ ယုယ အိမ်ခန်းထဲ ဝင်လာကာ ခုတင်ပေါ် ပက်လက်အိပ်ရင်း နဖူးပေါ်လက်တင်ကာ ကိုယ့်ကိုယ်ကိုယ် သုံးသပ်နေမိတယ်။ ယုယက သဘောထားသေးသူလား။ အကောင်းမြင်စိတ်မရှိသူလား။ အပျော်အပါး အသောက်အစား မရှိတဲ့မောင်။ သားကို သိပ်ချစ်သလို ချွေးမကိုလည်း သမီးလို ကြင်နာတဲ့ အမေသိန်း။ ဒီလို မိသားစုလေးထဲမှာ ယုယအတွက် ဘာများ ပူပင်စရာလိုလို့လဲ။ မြမြ ဆိုတာကကော ရင်းနှီးခင်မင်ရတဲ့ ကျေးဇူးတရားရှိခဲ့လို့ အမျိုးလို တန်ဖိုးထားနေကြတာ နေမှာပါ။ အကောင်းမြင်စိတ်ဝင်အောင် ကိုယ့်စိတ်ကို အတင်းထိန်းသိမ်းနေရင်း အလိုမကျခြင်းစိတ်ကလည်း တရိပ်ရိပ်။

(၄)

“အခုအချိန်က ကိုယ့်ကိုယ်ကိုယ် ပိုပြီး ဂရုစိုက်ရမှာ ယုရဲ့...”

“အမေ..အမေ့ ချွေးမကို ကြည့်ပြောဦးလေ။ အခုလိုအချိန်မျိုးမှာ ဘယ်လို အနေအထိုင်ဆင်ခြင်ရမယ်။ အစားအသောက်ကအစ ဘယ်လိုရွေးချယ်စားသောက်ရမယ်ဆိုတာ။ သားကို ကိုယ်ဝန်လွယ်ထားရတုန်းက အမေ ဘယ်လိုနေထိုင်ခဲ့ရသလဲ ဆိုတာတွေ အမေက ပြောပြလေဗျာ...”

“အယ်...အမေက အဲဒီလိုတွေ မသိခဲ့ဘူးလေ”

“ဟင်...ဘယ်လို အမေ”

“ဟို...အယ့်...အေး..အေးပါ။ အမေ ယုယကို ဂရုစိုက်ပါ့မယ် သားရယ်”

“အမေကတော့ ဗျာ...ကဲ သား အလုပ်သွားတော့မယ်။ မမမြကို အလုပ်ထဲရောက်မှ ဖုန်းဆက်ပြီး သတင်းကောင်းပြောပြတော့မယ်”

“ယု...သက်သက်သာသာ နေနော်။ စားချင်တာကို ဖုန်းဆက်မှာနော်။ မောင် အပြန်ကျရင်ဝယ်လာခဲ့မယ်”

ဖခင်ဖြစ်ရတော့မယ်ဆိုတဲ့ ပီတိတွေနဲ့ မောင့်အသံ ဟန်ပန်တွေက တက်ကြွနေသလို ယုယကို ပူပင်နေတဲ့ပုံစံကလည်း သိပ်ချစ်စရာကောင်းလိုက်တာ။

“ယုကိုစိတ်ချပါမောင်ရယ်။ ဖြည်းဖြည်းသွားနော်။ အလုပ်ကိုလည်း ဂရုစိုက်ဦး”

ယုယ နဖူးလေးကို ငုံ့နမ်းပြီး လှည့်ထွက်သွားတဲ့ မောင့်ကျောပြင်ကို ငေးကြည့်နေမိတယ်။

“ယုယရေ... ခဏအိပ်လိုက်နော်။ အမေ ချက်ပြုတ်လိုက်ဦးမယ်”

“ဟုတ်ကဲ့ အမေသိန်း”

အသက် ၆၂ နှစ်ရှိပြီဖြစ်တဲ့ အမေသိန်းက သွက်လက်နေဆဲ။ ယုယ ဗိုက်ကလေးပေါ် လက်တင်ပြီး ပြုံးနေမိတယ်။ သားလေးလား၊ သမီးလေးလား မသိရသေးပေမယ့် ရင်သွေးလေး လွယ်ထားရတယ်ဆိုတဲ့ အသိက လောကကြီးကို ကျေနပ်စေတယ်။

(၅)

ယုယ မကျေနပ်တဲ့စိတ်ကို ဘယ်လိုမှ တားလို့မရတော့ဘူး။ မနက်စောစောကပဲ အမေသိန်းနဲ့ မောင်တို့ မန္တလေးဆေးရုံကြီးကို သွားကြတယ်။ မြမြ ကင်ဆာရောဂါဖြစ်လို့ ဆေးရုံတက်ရလို့တဲ့။ ယုယကော လိုက်ခဲ့မယ်ပြောတာကို ကိုယ်ဝန်လနုသေးလို့ အိမ်မှာသာနေခဲ့ပါဆိုပြီး ထားခဲ့တာ။ စစ်ကိုင်းနဲ့ မန္တလေးက ဘာဝေးလို့လဲ။ မကျေနပ်တဲ့စိတ်ကို အာရုံပြောင်းပြီး စာအုပ်စင်ပေါ်က ဓာတ်ပုံအယ်ဘန်ကို ကြည့်နေမိတယ်။ မောင်ငယ်ငယ်က ပုံလေးတွေက ချစ်စရာလေးတွေ။ ဘာရယ် မဟုတ်ဘဲ အယ်ဘန်ထဲကနေ တစ်ပုံချင်း ထုတ်ယူကြည့်လိုက်တယ်။ ဓာတ်ပုံရဲ့ နောက်ကျောမှာ ရက်စွဲနဲ့ မောင့်အသက်ကို ပုံတိုင်းမှာ ရေးထားတာက နည်းနည်း ထူးဆန်းနေသလိုပဲ။

“သားကို သူ့အဖေက သိပ်ချစ်တာ ယုယရဲ့။ ဓာတ်ပုံ အမြဲရိုက်ပေးတယ်။ သူ့အဖေက စည်းစနစ်လည်း အင်မတန်ကြီးတာလေ။ အမေတို့အတွက် သားလေးက ဘုရားပေးတဲ့သားပါကွယ်”

အမေသိန်း ပြောပြခဲ့သောစကားများကို ပြန်သတိရမိသေး။

မောင်တို့ သားအဖသုံးယောက် ရိုက်ထားတဲ့ပုံကို သေချာကြည့်ရင်း မောင်က အဖေနဲ့တူလား၊ အမေနဲ့ တူလား ဝေခွဲလို့မရဘူး။ ယုယ ရင်သွေးလေးကိုတော့ မောင်နဲ့သာ တူစေချင်တာ။

(၆)

ညမိုးချုပ်မှ မောင်တို့သားအမိ အိမ်ပြန်ရောက်လာတယ်။

“အမေတို့ အချိန်မီရောက်လို့သာပဲ ယုယရေ...။ မြမြက သွေးဆုတ်ဖြူဖပ်နေတာ။ အိုသွေးအလျှုရှင် ရှာရခက်နေတုန်းပေါ့။ သားက အိုသွေးဆိုတော့ အချိန်မီလှူပေးလိုက်နိုင်တယ်လေ။ သူတော်ကောင်းမလေး ကံကြီးပေတယ်ကွယ်”

မောင်ကတော့ သွေးလှူခဲ့လို့ နွမ်းနယ်လာတယ်ထင်ပါရဲ့၊ စကားသိပ်မပြောဘဲ အိပ်ရာဝင်သွားတယ်။ အမေသိန်းက မြမြ ရောဂါအခြေအနေရယ်၊ မြမြက ယုယကို တွေ့ချင်နေကြောင်းရယ် ပြောပြပါတယ်။ ယုယလည်း မြမြနဲ့ တွေ့ချင်ပါတယ်။

(၇)

ငှားလာတဲ့ ကားလေးရဲ့ခေါင်းခန်းမှာ ထိုင်ရင်း လူနာဖြစ်နေတဲ့မြမြနဲ့တွေ့ရင် ဘယ်လိုစကားတွေနဲ့ အားပေးရမလဲ ယုယ တွေးနေမိတယ်။ ကားနောက်ခန်းမှာ အမေသိန်းနဲ့ မောင်ကတော့ ဘာတွေပြောနေကြမှန်းမသိ။ ကင်ဆာကုသဆောင်ရဲ့ သီးသန့်ခန်းထဲမှာ ဆေးသွင်းနေရတဲ့ မြမြကိုတွေ့ရတော့ ရင်ထဲမကောင်းဖြစ်ရတယ်။ မြမြ မျက်နှာကို မြင်ဖူးနေကျလို့လည်း ထင်မိတယ်။

“မမမြ သက်သာလား။ ဘာစားချင်လဲ။ ကျွန်တော် သွားဝယ်ပေးမယ်လေ”

“အေးကွယ်။ အစ်မအတွက် လိုအပ်တဲ့ပစ္စည်းလေးတွေကော။ စားစရာတွေကော သွားဝယ်ပေးနော်”

“ဟိုလေ...မောင်ထက်နဲ့ အမေသိန်း လိုက်သွားပေးနော်။ ဒီမှာ ဝယ်ရမယ့် စာရင်းလေးယူသွား”

“ယုကော ဘာစားမလဲ။ မောင်ဝယ်ခဲ့မယ်”

“ရတယ် မောင်။ အားလုံးစားတာသာ ဝယ်ခဲ့ပါ”

မောင်နဲ့ အမေသိန်း အပြင်ထွက်သွားတာနဲ့ မြမြက သူ့ခုတင်နားကခုံမှာ ယုယကို ထိုင်စေပါတယ်။

“တွေ့ချင်နေတာပါ ယုယရယ်။ ဖုန်းဆက်တဲ့အခါတိုင်း မောင်ထက်နဲ့ အမေသိန်းက ယုယ သိမ်မွေ့မွန်ရည်ကြောင်း ပြောပြကြတယ်”

ယုယလက်ကို လှမ်းကိုင်ပြီး ပြောနေပုံက တရင်းတနှီး။

“ယုယက စာတွေရေးသူဆိုတော့ အစ်မဘဝမှာ မြိုသိပ်ထားရတဲ့အကြောင်းတွေ ပြောပြချင်တယ်”

ခေါင်းအသာညိတ်ပြီး ယုယ စိတ်ဝင်စားမိပြီ။

“အစ်မ ဆယ်တန်းနှစ်မှာ စာလာသင်ပေးတဲ့ ဂိုက်ဆရာနဲ့ မှားမိကြတယ်။ ကိုယ်ဝန်ရှိတာသိတော့ သူက တာဝန်မယူချင်လို့ရှောင်သွားတယ်။ အပျိုသင်စအရွယ်မှာ အစ်မ အတောင်ကျိုးသွားခဲ့ရတာ။ ကိုယ်ဝန်လရင့်လာတော့ ရွာပုလဲမှာ တိတ်တဆိတ် ကလေးသွားမွေးခဲ့တယ်။ အစ်မတို့ မိဘဆွေမျိုးတွေရဲ့ ဂုဏ်သိက္ခာကို ငဲ့ကွက်ရမယ်၊ အဖေမပေါ်သူကလေးကလည်း ကြီးလာတာနဲ့အမျှ သိမ်ငယ်စိတ်တွေခံစားရမယ်၊ ငယ်ရွယ်သေးတဲ့ အစ်မဘဝကို ပြန်ပြီးမြှင့်တင်ရမယ်ဆိုပြီး မေမေစီမံတဲ့အတိုင်း အစ်မလိုက်နာခဲ့ရတယ်”

နားထောင်နေရတဲ့ ယုယရင်ထဲမှာ တနင့်နင့်ဖြစ်လာတယ်။

“အစ်မက သားလေးကို ဘယ်သူစောင့်ရှောက်မယ်။ သားနဲ့ လုံးဝအဆက်မပြတ်စေရဘူး၊ သားရဲ့ ရှင်သန်နေမှုကို အမြဲသိနေချင်တယ်လို့ မေမေ့ကို ပြန်ပြီး တောင်းဆိုခဲ့တယ်။ ရင်မှာလွယ်ပြီး မွေးခဲ့တဲ့သားလေးကို မိဘမေတ္တာနဲ့ မခြား ပြုစုမွေးမြူပေးခဲ့သူတွေကိုလည်း အမြဲ ကျေးဇူးတင်နေခဲ့ပါတယ်”

“သားလေးရဲ့ ကြီးထွားလာတဲ့ ဓာတ်ပုံလေးတွေရတိုင်း အစ်မကံကြမ္မာကို မုန်းတယ်။ တာဝန်မယူချင်တဲ့ ဖခင်ရယ်၊ ကိုယ့်မိသားစုဂုဏ်သိက္ခာကိုသာသိတဲ့ မိခင်ရယ်ကြောင့် မွေးစားသားဖြစ်သွားရတဲ့ သားလေးကို သူကမွေးစားသားပါ ဆိုတာကို ဒီတစ်သက်လုံး မသိစေချင်ပါဘူး။ သူ့ကိုသိပ်ချစ်တဲ့ သူ့ရဲ့ လက်ရှိမိဘတွေကိုသာ သူသိပ်ချစ်နေပါစေကွယ်”

“သြော်.....”

လူ့ဘဝကံကြမ္မာတွေက ဆန်းကြယ်လှပါလားဆိုတဲ့အတွေးနဲ့ မတင်မကျဖြစ်နေတဲ့စိတ် ယုယရင်ထဲမှာ မရှိတော့ပါ။ မိစုံဖစုံနဲ့ ဆွေမျိုးတွေဝိုင်းချစ်တာကို ရရှိမယ့် ယုယဗိုက်ထဲကရင်သွေးလေးက ကံကြမ္မာကောင်းသူလေးဖြစ်လို့ ကြည်နူးနေမိပါတော့တယ်။ ။

## မီးဘေးအန္တရာယ် တို့ကာကွယ်

✳ မီးဆိုတာ နေ့စဉ်နဲ့မှျ
သုံးနေကြ အိမ်တိုင်းတွင်။
မီးကြွင်းကျန် မီးဖိုထဲမို့
အမြဲဆင်ခြင်။
✳ နိုးကြားစိတ် လိုမယ်ထင်
အမှန်ပင် အန္တရာယ်ဘေး။
မီးခိုးလျှင် ပြာပုံဖြစ်တော့
ရင်နှစ်ပူဆွေး။
✳ သဲအိတ်တွေ ချိတ်ဆွဲမနေးပေ့ါ
ကြိုတင်တွေး မီးချိတ်မီးကာ။
အိမ်တိုင်းတွင် ရေများများမို့
သိုလှောင်ထားပါ။
✳ မှိုက်ကိုလည်း ခြံထဲမှာ
သေချာစွာ သန့်ရှင်းထား။
နေ့စဉ်ပင် သတိရှိဖို့
အသိကပ်လူသား။
✳ တစ်ဖန်ကွယ် လျှပ်စစ်အား
သုံးသူများ အိမ်တိုင်းကွယ်။
ကြိုးဝိုင်ယာ စနစ်တကျမို့
တပ်ဆင်ရမယ်။
✳ အပြင်သို့ သွားသည့်နယ်
မီးမိန်းရယ် ချဖို့ရေး။
သတိရှိပါ ဘေးဆိုးမတွေ့ဖို့
မမေ့နဲ့ပေ့ါလေး။ ။

ကလေးလေး(ဟသာ်ာတ)

## မုဒိတာအပြုံး

✪ တစ်ဦးအပေါ် တစ်ဦးက
ဖေးကူမ စာနာလျှင်။
ပျော်စရာ ကမ္ဘာငယ်လေး
ငြိမ်းအေးဝန်းကျင်။
✪ အမုန်းမရှိ အပြစ်မမြင်
ချစ်ခင်လို့ အကျိုးများ။
ကြင်နာမယ် လူသားချင်း
ရိုင်းပင်းစို့လား။
✪ မေတ္တာကို အရင်းခံထား
အပြုံးများနှင့် မုဒိတာ။
အတ္တ၊ မာန် အစွယ်ဖြတ်
ပယ်သတ်လို့ကာ။
✪ ယုတ်ညံ့သော ဗီဇဟာ
အရာရာ ဆိုးကျိုးဖြစ်။
မကောင်းတာ မှန်သမျှ
ဘဝန်ံ့နှစ်။
✪ ကိုယ်စီခြယ် မုဒိတာအစစ်
ဥပေက္ခာပစ် အကုသိုလ်။
လူ့ဂုဏ်ရည် လူ့တန်ဖိုး
မြတ်နိုးဖို့လို။
✪ ဖြူစင်သော စိတ်ဓာတ်ကို
အရိပ်ထပ်ခို အရောင်မဆိုး။
မနောမှန် အရွယ်နုပါတဲ့
လောကစံ ဘယ်မမှုကာပ
အန်တုလို့တိုး။ ။

ဈာန်လေး(ပညာရေး)

ဆောင်းပါး

# မျှော်လင့်ချက်မလျှော့ပါနှင့်

■ **ထက်အောင်လူ(နံ့သာမြေ)**

ဆရာကြီးဦးအောင်သင်းက မျှော်လင့်ချက်ကို ဘယ်တော့မှမလျှော့ပါနှင့်ဟု ဆို၏။ လူတို့သည် မျှော်လင့်ချက်နှင့် အသက်ရှင်နေကြသည်။ မိမိလက်ရှိ ရောက်နေရနေသော အခက်အခဲအား ဒုက္ခပါပဲ မညည်းညူပါဘဲ နိုးထကြိုးစားရှင်သန်သင့်ပေသည်။ အခက်အခဲဒုက္ခနှင့် ပတ်သက်၍ စိန္တေရှင်က **"ဆင်းရဲတကာ့ ဆင်းရဲဆုံး၌ သေခြင်းလောက်ဆင်းရဲသည် မရှိ"**ဟုဆိုသည်။ ကျွန်တော်တို့သည် မသေသရွေ့ တစ်နေ့နေ့ အမှောင်မှလွတ်လျက် အလင်းအထွတ်သို့ ရောက်ကြရပေမည်။ မိမိ၏ မျှော်လင့်ချက်အား လက်မလျှော့ပါရန် လိုအပ်ပါပေသည်။

ဘုရားဟောဇာတ်တော်လာ မဟာဇနကဇာတ်၌ ဇနကမင်းသားသည် ပင်လယ်ထဲရှိသင်္ဘောနစ်ခြင်းအား တန်ခိုးရှင်မတ၊ မိမိလုံ့လဖြင့် ကြိုးစားအားထုတ်သည်မှာ သာဓကပင်ဖြစ်ပေသည်။ လူ့လောက လူမှုစီးပွားပညာတို့၌ မိမိစိတ်ဆန္ဒသည် အဓိကဖြစ်ပေသည်။ "ဆန္ဒာအဓိပတိ" "စိတ်သာရှင်ဘေ" ဖြစ်လေရာ "လုံ့လဝီရိယရှိသူတို့အဖို့ လောက၌ မပြီးမြောက် မအောင်မြင်နိုင်စရာ ဘာမျှမရှိ"ဟု စိန္တေရှင်က ဟောမြွက်ခဲ့ပေသည်။ "ထိုသူသည် ဆန္ဒ၏ အရှိန်အဟုန်ဖြင့် စကြာဝဠာဟိုးအပြင်ဘက်၌ မီးခင်းသောလမ်းကိုဖြတ်လျက် အလိုရှိရာကိုယူသော်လည်း ရနိုင်ပေ၏။ ရရှိသောအခါ ထိုလူ၏ခြေဖဝါး၌ မီးမကူးကြောင်း တွေ့ရပေလိမ့်မည်"ဟု သုံးလူ့ရှင် အဟောရှိပါပေသည်။

**ဆန္ဒလုံ့လအား၊ ဝီရိယအားနှင့်**
**အရာရာဖြစ်နိုင်**

လုံ့လနှင့်ပတ်သက်၍ "ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်" "လေ့ခွက်ချည်းကျန် အလံမလှဲ" စသဖြင့် အားဖြစ်ဖွယ် စကားပုံများရှိသကဲ့သို့ "ဉာဏ်လည်း တဝ၊ ကံ တဝနှင့်၊ လုံ့လ မယုတ်၊ အားသွန်ထုတ်က၊ ခြုတ်ခြုတ်အောက်တိုင်၊ ငုပ်နိုင်သဲကျ၊ ဆိုစကြသည့်၊ ရှေးကစကား၊ မယုံမှားလင့်"ဟု မဃဒေဝလင်္ကာ၌တွေ့ရပေသည်။ ထို့နောက် မိမိသာ ထက်သန်သောဆန္ဒ၊ လုံလောက်သောလုံ့လရှိပါမူ မိမိသည် မည်မျှဆင်းရဲ ဓနမွဲ၍နေသည့်တိုင် အောင်ပွဲဝင်လျက် ကြီးမြင့်သောဘဝရရှိကြောင်း များစွာရှိပေသည်။ "မိမိရည်ရွယ်ချက်အား ကောက်ရိုးမီးမဟုတ်ပါဘဲ ထက်သန်သော ဆန္ဒလုံ့လအား၊ ဝီရိယအားနှင့် အရာရာဖြစ်နိုင်ပေသည်။

ဘဝဟူသည် အချိန်များနှင့် ဖွဲ့စည်းတည်ဆောက်ထားပါ၍ အချိန်ကိုတန်ဖိုးထားလျက် အလေးနက်ထား လုပ်ဆောင်ရပေမည်။ မိမိအလိုရှိရာ ချမ်းသာသုခအားရရှိရန် အချိန်ကိုစီမံခန့်ခွဲအသုံးချ လုံ့လနှင့် လုပ်ဆောင်ကြရပေမည်။ အင်္ဂလိပ်အီကွေးရှင်းတစ်ခုဖြစ်သော "သဘာဝအပေါင်း လုပ်အားညီမျှခြင်း တန်ဖိုး"ဟု ဆိုပေသည်။ အချိန်နာရီ၊ မိနစ်၊ စက္ကန့်နှင့် လေရေမြေအစရှိသဖြင့် ယေဘုယျအားဖြင့် အညီအမျှ လူတိုင်းရရှိကြပေသည်။

ထို့ကြောင့် သဘာဝဖြုတ်ချ၍ "လုပ်အား ညီမျှခြင်းတန်ဖိုး"ဟုဆိုပေသည်။ သင်မည်မျှ လုပ်အားစိုက်သနည်း ထိုစိုက်ထုတ်မှုရှိသလောက် တန်ဖိုးရှိပေမည်။ ဥပမာအားဖြင့် ချောင်း၊ ကန်အတွင်းမှ ရွှံ့နွံကာ လုပ်အားပေါင်းကာ အိုးပုတ်၊ ချိုးရုပ်လုပ်ပါမူ တန်ဖိုးတက်၏။ ထိုထက်တန်ဖိုးကြီးရရန် ကနုတ်ဆွဲခြင်း၊ မီးဖုတ်ခြင်း၊ ဆေးသုတ်ခြင်းလုပ်ပါက လုပ်အားတန်ဖိုး ဈေးကြီးရနိုင်ကြောင်း လူတိုင်းအသိပင်ဖြစ်ပေသည်ဟု ဆရာကြီးဦးအောင်သင်းက ဟောပြောပွဲများ၌ ခဏခဏပြောလေ့ရှိပါသည်။

မိမိကိုယ်ကို သုံးသပ်စဉ်းစားဆင်ခြင်ပါမူ "သူမွေးဖွားချိန်၌ ဘာပါခဲ့သနည်း၊ ကိုယ်မွေးချိန်၌ ဘာပါခဲ့သနည်း" အတူတူဖြစ်ကြပေသည်။ လူချင်း အတူတူဖြစ်ကာ ခြေနှစ်ချောင်း ခေါင်းနှင့် ပခုံးနှစ်ဖက် အတူတူသာဖြစ်ပေသည်။ မွေးစဉ်အခါ အားလုံးအတူတူ ထိုအဖြစ်ကိုသိ၍ မိမိကိုယ်ကို အားငယ်ရန် မလိုတော့ပါပေ။ အချိန်၊ ရာသီ၊ ဥတု အားလုံး အတူတူသာဖြစ်နေလင့်ကစား မိမိကိုယ်ကို လုံ့လဝါယမ မည်မျှစိုက်သွင်းသနည်း ဝေဖန်သင့်ပါပေ၏။ "မင်းကိုယ်မင်း လုပ်အားဘယ်လောက်သွင်းသလဲ၊ တန်ဖိုးရှိရှိ ဘယ်လောက်အချိန်တန်ဖိုးထားသလဲ၊ အချိန်ကို အသုံးချပါ ကိုယ့်ကိုယ်ကိုယ် ခိုင်းရတယ် ကိုယ့်ကိုယ်ကိုယ်ခိုင်းရင် သခင်စိတ် သူများခိုင်းမှ လုပ်တာက သူများကျွန် "ဟု ဆရာကြီးဦးအောင်သင်းက ဆို၏။

**မှားယွင်းသော အတွေးအကြံတို့ ရှောင်ရှား**

"ပါပသ္မိံ ရမတိ မနော"ဟု ဆို၏။ အနက်အဓိပ္ပာယ်မှာ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်သည်။ သို့သော်လည်း မိမိစိတ်ကို ထိန်းချုပ်မောင်းနှင်နိုင်စွမ်းရှိရပေမည်။ ပညာချွန်းနှင့် အုပ်ကြရပေမည်။ မိမိစိတ်ကို အကောင်းဘက်ဦးတည်ကာ မိမိ၏ လောကစံမုန်တိုင်းဝဲဂယက်ကို မိမိ၏လှော်တက်နှင့် ကျော်ဖြတ်ကြရပေမည်။ "အတ္တာဟိ အတ္တနော နာထော"ဟုအဆိုရှိ၍ အနာဂတ်ကိုတွေးရှုပြုလုပ်ဆောင်ရွက်ကြရပေမည်။ "ငါ့ဘဝကိုက ကံဆိုးတာပဲ ကြိုးစားလည်း မဖြစ်နိုင်ပါဘူး"ဟူသော မှားယွင်းသော အတွေးအကြံတို့ ရှောင်ရှားကြရပေမည်။

"ကံသည်အလုပ်"ဟု အဆိုရှိပါ၍ ကြိုးကုတ်စွာ လုပ်ပါက အောင်မြင်မှုရရှိနိုင်ပေသည်။ လောက၌ အချိန်ကို အသုံးချလျက် လုံ့လဝီရိယဖြင့် တွေးကြံကြိုးကုတ်သူတို့သည် အောင်မြင်မှုတို့ ဆွတ်ခူးနေကြပေသည်။ "လူတစ်ယောက်၏အနာဂတ်ကို ကြည့်လိုလျှင် အားလပ်ချိန်ဘာလုပ်သနည်းကြည့်ပါ"ဟု အဆိုရှိပါ၍ အားလုံးချိန်တို့၌ စာအုပ်စာပေတို့ဖတ်ရှုတွေးခေါ်လျက် ဘဝတက်လမ်း လှမ်းမျှော်နေကြရပေမည်။ နေ့တစ်နေ့အတွက် "ကုသိုလ် ပညာဥစ္စာ"ရရေးပြုလုပ်ဆောင်ရွက်နေကြရပါမည်။

အလုပ်တစ်ခုကို ယုံကြည်မှုခိုင်မာပါက ခရီးတစ်ဝက်ပြီး၏ဟု အဆိုရှိပေသည်။ ယုံကြည်မှုနှင့် မျှော်လင့်ချက်အား လက်မလျှော့သောကြောင့် အိန္ဒိယနိုင်ငံ၌ တောင်လူသားဟု ထင်ရှားကျော်ကြားခဲ့သူတစ်ဦးရှိပေသည်။ ထိုလူ၏ ကျေးရွာ၌ မြို့ဘက်သို့သွားလာရေး လမ်းခရီးခက်ခဲခြင်းကြောင့် အချိန်မီဆေးမကုသလိုက်ရသော မိန်းမအဖြစ်ကို သုံးသပ်ကာ လမ်းဖောက်ရန်ကြံစည်ခဲ့သည်။ ကာယအားဖြင့် နွေမိုးမရှောင် နှစ်များစွာကြာအောင် တောင်ကမ်းပါးတို့အား ဖွဲ့ခြွေလျက် လမ်းဖောက်မြဲဖောက်နေခဲ့ပေသည်။

နောက်ဆုံး၌ ထိုလူ၏ လက်မလျှော့သော စိတ်ဓာတ်၊ ဇွဲသတ္တိတို့ကြောင့် ပြည်သူလူထုနှင့် အစိုးရကပါ အသိမှတ်ပြုရပေတော့သည်။ ထို့နောက် တောင်များဖောက်၍ လမ်းဖောက်သူဖြစ်ရာ တောင်လူသားဟု သမိုင်းကောင်းရေးထိုးနိုင်ခဲ့ပေသည်။

"ဒုက္ခအန္တရာယ်တွေ၊ အခက်အခဲတွေဆိုတာ ပူပြင်းတဲ့ရာသီဥတုနဲ့တူတယ်၊ ပူပြင်းတဲ့ရာသီဥတုဟာ နွားနို့ကိုတော့ ချဉ်သိုးသွားစေတယ်၊ ဒါပေမယ့် တချို့သော သစ်သီးတွေကိုတော့ ချိုမြိန်စေတဲ့ သစ်သီးတွေအဖြစ် ရောက်အောင် ရင့်မှည့်စေနိုင်တယ်"ဟု ဆရာနန္ဒာသိန်းဇံစာအုပ်၌ တွေ့ရသည်။

အချုပ်ဆိုရပါလျှင် အခက်အခဲများမည်မျှရှိပါစေ မှန်ကန်သောဆုံးဖြတ်ချက်၊ မလျှော့သောဇွဲလုံ့လနှင့် ကိုယ့်အားကိုယ်ကိုးကာ ဘဝကို အကောင်းဆုံး ရှင်သန်လှုပ်ရှားကြရပေမည်။ "ငှက်များပျံရင်းနှင့် လူများကြံရင်းနှင့်"ဟုဆိုသောကြောင့် မိမိ၏ ဘဝအရေး တွေးတောလျက် အကောင်းဆုံးနေထိုင်ရှင်သန်ကြရပေမည်။ လုပ်လျှင်ဖြစ်သော လူသားများဖြစ်ကြ၍ "တွေးတောကြံဆနည်းလမ်းရ"ဆိုသကဲ့သို့ မည်သို့ မည်ပုံဖြေရှင်းရမည်ကိုသာ အာရုံပြုလျက် အလျှော့မပေးပါဘဲ ဇွဲသတ္တိရှိရှိရင်ဆိုင်ရပေမည်။ "ဤလောကတွင် ဘေးဒုက္ခအန္တရာယ်တွေကို ကြောက်နေပါက ပြေးစရာမြေမရှိ"ဟု ဆရာတစ်ယောက် ဆိုဖူးပါ၏။ မိမိတို့ဘဝလမ်းခုလတ်၌ ဝဲဂယက်နှင့်မုန်တိုင်းတို့ ကြုံရမည်မှာ အသေချာပင်။ သို့သော် ကျော်လွှားနိုင်ရေး အစဉ်တွေးလျက် စာအုပ်စာပေမှလောကနီတိတို့ကို ဖတ်မှတ်ပြီး လောကစံအား ကျော်ဖြတ်ကြရပေမည်။ အခက်အခဲဟူသည် ဘဝလမ်း၏ ဆရာတစ်ဆူဖြစ်၍ အတွေ့အကြုံရင့်ကျက်မှုနှင့် ဘဝကို ထူထောင်ရပေမည်။ အခက်အခဲကို ရင်ဆိုင်ဖြေရှင်းရဲသောသတ္တိ ဖြေရှင်းနိုင်သော မှတ်သိမှုအတွက် ဉာဏ်ပညာ ပြည့်ဝဖို့ လိုအပ်ပေသည်။ လောကဓံ၏ မာယာထောင်ချောက် အခက်အခဲ ချောက်ကမ်းပါးမှ ရုန်းထွက်လျက် ထက်မြက်သော ဉာဏ်ပညာ၊ ပါးနပ်သော ကိုယ်ရည်ကိုယ်သွေး၊ အသုံးချတတ်သောဦးနှောက်နှင့် ဘဝကို ထိန်းချုပ်မောင်းနှင်ကြရမည်။ "အခက်အခဲ ဒုက္ခဆိုတာ နောင်အချိန်ဖြစ်လာမဲ့ဟာသ"ဟု ဆရာအကြည်တော်က ပြောဖူးပါပေသည်။ စေ့စေ့တွေးပါလျှင် သွေးထွက်အောင်မှန်ပါပေသည်။ မည်မျှခက်ခဲနေပါစေ မျှော်လင့်ချက်မလျှော့ပါနှင့် မျှော်လင့်ချက်ဖြင့် အသက်ရှင်ကြကာ ဘဝကို အကောင်းဆုံးတည်ဆောက်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

## အကျိုးများသောဓမ္မ

❖ မြတ်ဓမ္မာ နေ့စဉ်ပွား
အကျိုးများ များသူငါ၊
မေတ္တာကို အခြေခံပြု
ကောင်းမှုမှန်စွာ၊
စိတ်သန့်ရှင်း မင်္ဂလာ
လုပ်ဆောင်ပါ အစဉ်မြဲ၊
အသိဉာဏ် အတွေးလှသမို့
ဓမ္မဆင်နွှဲ။
❖ ဘုရားဂုဏ် မြတ်တရား
သံဃာများ ဆွမ်းလောင်းလှူ၊
ဘိုးဘွားအစုံ မိဘအတွက်
ဆောင်ရွက်ကြည်ဖြူ၊
စိတ်ထားမြတ် တန်ဖိုးလူ
ပေးဆပ်သူ ဖြစ်စေရေး၊
ကျင့်သိက္ခာ လမ်းမကောက်အောင်
တည်ဆောက်စို့လေး။
❖ သာသနာကြံဆုံအရပ်
မမေ့အပ် မြတ်ဓမ္မ၊
အချိန်ကို အသုံးချ
ပြုကြစို့လေ၊
ဗုဒ္ဓတရား ရွတ်ဖတ်မသွေ
သုခဝေ အကျိုးထူး၊
ကုသိုလ်ရှာ မေတ္တာမိုးရယ်
သွန်ဖြိုးကြည်နူး။ ။

ရွှေမြိုင်သူ(မြန်မာစာ)

# (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်၂၀၂၄ ခုနှစ်အတွင်းကျင်းပမည့် နိုင်ငံတကာ ကာယဗလပြိုင်ပွဲများအတွက် မြန်မာ့လက်ရွေးစင် ရွေးချယ်

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ကျင်းပမည့် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲနှင့် ၂၀၂၄ ခုနှစ်အတွင်း ကျင်းပမည့် နိုင်ငံတကာကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲများအတွက် မြန်မာ့လက်ရွေးစင် ရွေးချယ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိမြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်၌ ကျင်းပသည်။



## ယှဉ်ပြိုင်ကြ

ဦးစွာ အမျိုးသားကာယဗလမောင် ပြိုင်ပွဲ ၅၅၊ ၆၀၊ ၆၅၊ ၇၀၊ ၇၅၊ ၇၅ နှင့်အထက်ကီလိုတန်း ပြိုင်ပွဲ၊ အမျိုးသား Athletic Physique Up to 175 Cm +6 Kg ပြိုင်ပွဲ၊ အမျိုးသား Sports Physique Up to 170 Cm –2 Kg ပြိုင်ပွဲ၊ အမျိုးသမီး Athletic Physique ပြိုင်ပွဲ၊ အမျိုးသမီး Model Physique Up to 160 Cm ပြိုင်ပွဲနှင့် အမျိုးသမီး Model Physique Over 165 Cm ပြိုင်ပွဲများကို ကျင်းပရာ မျိုးဆက်သစ်ကာယဗလမောင်မယ်များက နောက်ခံတေးဂီတနှင့်အတူ သတ်မှတ်ကိုယ်ဟန် ခုနစ်မျိုးဖြင့် ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး အတန်းလိုက်ပြိုင်ပွဲများ၌ အကောင်းဆုံးအားကစားသမားများအား စိစစ်ရွေးချယ်ခဲ့သည်။

ထို့နောက် ရွေးချယ်ခံမျိုးဆက်သစ် ကာယဗလအားကစားသမားများအား မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီက သြဝါဒစကားပြောကြားသည်။

အဆိုပါ မြန်မာ့လက်ရွေးစင်ရွေးချယ်ခံ မျိုးဆက်သစ် အားကစားသမားများသည် မတ် ၂၀ ရက်မှစတင်၍ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်၌ စခန်းဝင်လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

စိုးမြင့်အောင်

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့်အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။


### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၈၈၁)ဟုခေါ်တွင်သော ၂ခန်းတွဲ(၈ ၂)တိုက်၏ ဒုတိယထပ်(2B)၊ အကျယ်အဝန်း(၁၈ x ၅၄)ပေရှိ Lift ပါ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာဖြစ်သူ ဦးဝင်းလွင်ဦး[၁၄/ဖပန(နိုင်)၀၆၄၈၂၉]နှင့် ဦးမင်းတင်မျိုးလတ်[၁၂/တမန(နိုင်)၀၇၄၈၆၇]တို့မှ မြေရှင် ဒေါ်ငွေးငွေး(S/OKA-၀၄၆၂၁၇)နှင့် အကျိုးတူတိုက်သစ်ဆောက်လုပ်ပြီး ကန်ထရိုက်တာမှ ရရှိပိုင်ဆိုင် အကျိုးခံစားရောင်းချပိုင်ခွင့်ရှိသောအခန်းဖြစ်ကြောင်း ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသကြိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၅၄၄)**
**အမှတ်–၁၂၀/က၊ လက်ဝဲသုန္ဒရလမ်း၊ ၃၂ ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၇၄၁၁၁၄၁**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်လမ်း၊ တိုက် အမှတ်(၆၀၃/ခ) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈)ထပ်တိုက်အနက်မှ ၄–လွှာ (4/B)၊ အကျယ်အဝန်း (၁၆၀၀) စတုရန်းပေရှိ ဓာတ်လှေကားပါ (SCG) အဆင့်မြင့် လူနေတိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဒေါ်တင်မျိုးသွင် [၁၂/ကမရ(နိုင်)၀၂၂၃၂၇]** ကိုင်ဆောင်သူမှ အမည်ပေါက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော **ဦးအာကာညွန့်ဝေ [၁၂/သဃက(နိုင်)၀၅၆၆၅၂] နှင့် ဒေါ်တင်ဇာဝင်း[၁၂/စခန(နိုင်)၀၅၄၅၁၅]**တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နီနီဝင်း (LL.B)** | **ဦးထွန်းသူအောင် (LL.B)** |
| **(စဉ်–၈၇၉၂)** | **(စဉ်–၅၁၇၁၈)** | **(စဉ်–၅၅၇၆၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၃၆)၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၅၀၆၄၉၅၉၊ ၀၉–၅၀၈၈၆၀၅**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၃၆)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁၆ ပေ x ၆၀ ပေ)အကျယ်ရှိ မြေညီထပ်နှင့် ပထမထပ်၊ (ခေါင်းရင်းခြမ်း)၊ မျက်နှာမူလျှင် လက်ဝဲဘက် တိုက်ခန်း (၂)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်ဟေမာန်ဦး [၁၂/ဥကတ(နိုင်)၁၆၅၇၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ အထောက်အထား မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း (LL.B , D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် –၁၁၆၅၁)**
**အမှတ် (၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း – ၀၉–၄၂၀၀၃၁၃၅၂**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ တိုက်အမှတ် (၁၁၂၁)၊ မြေကွက်အကျယ်(၄၀ပေx၆၀ပေ)ရှိ မြေကွက်ပေါ်တွင် မြေရှင်နှင့်ကန်ထရိုက်တာတို့ ကန်ထရိုက်တိုက်ဆောက်လုပ်ထားသည့် (၃)ခန်းတွဲ (၆)ထပ်တိုက်၏ (၁၃ပေx၅၄ပေ) အကျယ်အဝန်းရှိ တိုက်ခန်းမှ ကုန်းဘောင်(၁၃)လမ်းသို့ မျက်နှာမူလျှင် လက်ယာဘက် အစွန်းဆုံးအခန်း ပဉ္စမထပ်(၆လွှာ)တိုက်ခန်းကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဇော်မြင့်ဦး [၁၂/သကတ(နိုင်)၀၅၃၂၂၆]မှ တရားဝင်လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်တိုက်ခန်းအပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးထူးလင်း [၈/ရနခ(နိုင်)၁၀၀၅၆၀]၊ (၎င်း၏ နိုင်ငံခြားသားထိုးကို ကိုယ်စားလှယ်လွှဲစာအမှတ်–၂၀၆/၃/၂၀၂၄)(၁–၃–၂၀၂၄)ရရှိသူ ဒေါ်ယဉ်မင်းဖြိုး[၁၂/တမန(နိုင်)၁၁၀၀၉၂]မှလည်း အပြီးပြတ်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား မူရင်းအပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မင်းဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်မြင့်(LL.B,D.B.L,D.M.L,D.I.L)** | **ဦးကျော်ဝင်းလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၅၆၈၃)(၂၈–၆–၁၉၉၁)** | **(စဉ်–၁၇၄၇၇)(၂၁–၁၂–၂၀၂၁)** |
| **အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊** | **ဖုန်း–၀၉–၄၂၁၀၈၆၁၆၀** |

**တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၄၃၀၃၂၁၈၁၊**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ကန်သာယာလမ်း၊ အမှတ်(၁၁၄)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ခင်မိုး (ဘ) ဦးကျော်သိန်း [၁၂/ကမရ(နိုင်)၀၁၃၆၄၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ခင်မိုးအမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၈–E) မြေကွက်အမှတ်(၂၀၀)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိသော ပါမစ်မြေကွက်သည် ဦးအောင်ခင်မိုး အမည်ပေါက်ပြီး လက်ဝယ်ထားရှိ ပိုင်ဆိုင်လာခဲ့သော မြေကွက်ဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ အာမခံတင်သွင်းထားခြင်း တစ်စုံတစ်ရာမရှိခဲ့ပါ။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်က ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း ပေးကမ်းထားခြင်းရှိပါက ကျွန်ုပ်မိတ်ဆွေနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ အမည်ပေါက်၍ လက်ဝယ်ထားရှိပိုင်ဆိုင်သော အထက်အမည်ပါ မြေကွက်နှင့်လည်း သက်ဆိုင်မှုမရှိပါကြောင်း အကယ်၍ ထိုသို့ ဥပဒေမဲ့လုပ်ရပ်အား ပြုမူခဲ့သူရှိပါကလည်း တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လေးမြိုင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၃၀၁)**
**အမှတ်(၆၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းကွက်သစ်ရပ်ကွက်၊ ဗညားဒလလမ်း၊ တိုက်အမှတ်–၄၄၀ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ (၇)လွှာ(အေ)၊ အကျယ်အဝန်း(၁၂ ၃/၄ ပေ x ၅၀ပေ)အကျယ်ရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မီးမီတာအပါအဝင် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု ဝန်ခံကတိပြုသူ **ဒေါ်ဆာရာဘီဘီ[၁၂/ဗဟန(နိုင်)၀၈၀၉၉၂]**မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် သဘောတူညီ၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသငွေကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း**(မူရင်း)**များယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ **(၇)ရက်**အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြူကြူမာ(LL.B) (စဉ်–၁၃၉၇၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၀၁၆၁၈၉၈၊ ၀၉–၄၃၁၁၇၇၃၃**

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထင်ကျော် [၇/ပခန(နိုင်)၁၁၃၈၆၃] ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၅၁၁၂၂၅၂**

### ကြော်ငြာစာ

